


mgyoe.com

ဂျီဟာတ်ကွန်ရက်အတွင်း
လျှို့ဝှက်ထောက်လှမ်းခြင်း

# အသွင်ယူ သတို့သမီး

မင်းသူအောင်

UNDERCOVER JIHADI BRIDE
Anna Erella

THAR NGE

mgyoe.com

SAMPLE BOOK

အသွင်ယူပြီး သတင်းလိုက်ရင်း
ISIS ရဲ့ အဓိကအဖွဲ့ဝင်တစ်ယောက်နဲ့ အန္တရာယ်ကြီးစွာရင်းနှီးမိသွားတဲ့
ပြင်သစ်လူငယ်သတင်းထောက်တစ်ဦးရဲ့
စိတ်ဝင်စားဖွယ် ဇာတ်လမ်းတစ်ပုဒ်...

ဖေ့စ်ဘုတ်ပေါ်မှာ အသက် ၂၀ အရွယ် အစ္စလာမ်ဘာသာကို ကူးပြောင်းထားပြီး တူလူဇ်မြို့မှာအမေရယ်၊အစ်မရယ်နဲ့အတူနေနေတဲ့မိန်းကလေးငယ်လေးမယ်လိုဒီဟာ ဆီးရီးယားနိုင်ငံ ISIS ကထိပ်ပိုင်းစစ်သွေးကြွပြင်သစ်နိုင်ငံဖွားဘီလယ်လ်နဲ့တွေ့တယ်။ ရက်အနည်းငယ်အတွင်းမှာပဲ ဘီလယ်လ်ဟာ မယ်လိုဒီကို ချစ်ကြိုက်သွားပြီး စကိုက်ပ်ကနေ အကြိမ်ကြိမ် ဗီဒီယိုကောခေါ်တယ်။ ဆီးရီးယားကိုလိုက်လာပြီး သူနဲ့လက်ထပ်၊ ဂျီဟတ်လုပ်ဖို့တိုက်တွန်းတယ်။ ဒါပေမဲ့အမှန်မှာတော့မယ်လိုဒီဆိုတာကပဲရစ်အခြေစိုက် ဂျာနယ်လစ်အန်နာအီရယ်။ သူက ISIS အဖွဲ့ရဲ့ လူသစ်စုလမ်းကြောင်းတွေအကြောင်း ထောက်လှမ်းရေးသားနေတဲ့ အမျိုးသမီးသတင်းထောက်။ ဘီလယ်လ်ဆိုတာကလည်း တခြားလူမဟုတ်ဘဲ ISIS ရဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဒါဒီရဲ့ ညာလက်ရုံးပဲ။

စုံစမ်းထောက်လှမ်းခြင်းရဲ့ ကျောချမ်းစရာ နောက်ဆုံးအဆင့်အနေနဲ့ မယ်လိုဒီဟာ အရှေ့အလယ်ပိုင်းကိုသွားဖို့အမ်စတာဒမ်ကိုထွက်လာတယ်။ ဒါပေမဲ့စီစဉ်ထားသမျှဟာ အဆိုးတွေဖြစ်လာတယ်။ လူငယ်တွေ အစွန်းရောက်လမ်းစဉ်ကို ဝင်ရောက်ဖို့ တွန်းအားပေးတဲ့ အချက်အလက်တွေကို စူးစမ်းထောက်လှမ်းထားတဲ့ ဒီစာအုပ်ဟာ အစွန်းရောက်ဝါဒရဲ့ဆွဲဆောင်မှုအကြောင်းနားလည်လာစေမယ့်စိတ်လှုပ်ရှားစရာစာအုပ်ဖြစ်ပါတယ်။

Price - 5500 Ks

ISBN 978-99971-46-42-7

9 789997 146427 >

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အသွင်ယူသတို့သမီး

## ဂျီဟတ်ကွန်ရက်အတွင်း လျှို့ဝှက်ထောက်လှမ်းခြင်း

မင်းသုအောင်

***Undercover Jihadi Bride***

Anna Erella

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

စာမျက်နှာ - ၂၂၇
စာအုပ်ဆိုဒ် - အလျား ၁၃.၇ × အနံ ၂၀.၈ စင်တီ။
စာအုပ်အမျိုးအစား - ဘာသာပြန်၊ ရသ
မျက်နှာဖုံးဒီဇိုင်း - ဖာလင်းထက်
စာပြင်အယ်ဒီတာ - တင်မင်းလတ် (ဆောင်းဖြူ)
အတွင်းအပြင်အဆင် - စောမာလာ
သားငယ်အမှတ်တံဆိပ် - ဖြိုးဝေကို
CTP - Sunn Color
စာအုပ်ချုပ် - တင်အေး
ISBN - 978-99971-46-42-7
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ဩဂုတ်လ - ၂၀၂၂
အုပ်ရေ - ၅၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ငွေပြည့်တော် ပုံနှိပ်တိုက်(၀၀၁၀၂)၊ အမှတ် (၁၄ / အေ-၁)၊ နေကြာလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

တန်ဖိုး - ၅၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်အသိစိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းနိုင်တဲ့လူသည်သာလျှင် ရုပ်ဝတ္ထုလောကမှာကြီးထဲကနေ အမြင့်ကို တက်နိုင်တယ်။ စစ်ပွဲတွေက ကျွန်တော်တို့ကို မဖျက်ဆီးခဲ့ဘူးဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးမှုတွေကနေ ကယ်တင်ချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ဘဝတွေကို ပြောင်းလဲဖို့လိုတယ်။

**- Alexsander Solzhenitsyn, "A World Split Apart"**

**၁၉၇၈၊ ဇွန် ၈၊ ဟားဗတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်မိန့်ခွန်း**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အခုဖော်ပြမယ့် အဖြစ်အပျက်တွေဟာ ၂၀၁၄ က ဖြစ်ပျက်ခဲ့တာပါ။ တိတိကျကျပြောရရင် အစ္စလာမ္မစ်နိုင်ငံတော် (IS) က အီရတ်ရဲ့ ဒုတိယအကြီးဆုံးမြို့ဖြစ်တဲ့ မိုဆူးမြို့ကို မသိမ်းပိုက်မီ နှစ်လအလိုက။ IS ခေါင်းဆောင် အဘူဘာကာ အယ်ဘာဒါဒီက ကမ္ဘာလုံးဆိုင်ရာ အစ္စလာမ္မစ်နိုင်ငံ တည်ထောင်လိုက်ကြောင်း မကြေညာမီ နှစ်လအလိုက။

mgyoe.com

mgyoe.com

''ကိုယ်ပြောတာ နားထောင်။ တခြားလူတွေကို ချစ်တာထက် မင်းကို ပိုချစ်တယ်။ မင်း ကိုယ်နဲ့အတူ ဒီမှာလာနေသင့်တယ်။ အဲဒီအကျင့်ပျက်နေတဲ့ နိုင်ငံမှာ မင်းနေနေတယ်ဆိုတဲ့အတွေးကို မခံစားနိုင်ဘူး။ ကိုယ် မင်းကိုကာကွယ်မယ်။ လောကကြီးရဲ့ မကောင်းဆိုးဝါးတွေဆီကနေ မင်းကို ကာကွယ်ပြီး အမိုးအကာတွေ ပေးမယ်။ မင်း ကိုယ်နဲ့အတူလာနေရင် ကိုယ်နဲ့ကိုယ့်လူတွေ ဘယ်လိုနိဗ္ဗာန်ဘုံမျိုး တည်ဆောက်နေကြတယ်ဆိုတာ မင်းတွေ့လိမ့်မယ်။ မင်းတွေ့ရင် အံ့သြသွား လိမ့်မယ်။ ဒီမှာလူတွေက တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ကြတယ်။ တစ်ယောက်ကိုတစ်ယောက် လေးစားကြတယ်။ ကိုယ်တို့ဟာ မိသားစုကြီးတစ်ခု လိုပဲ။ ပြီးတော့ မင်းအတွက် နေရာတစ်ခု စီစဉ်ပြီးသွားပြီ။ အားလုံးက မင်းကို စောင့်နေကြတာ။ ဒီမှာ မိန်းမတွေ ဘယ်လောက်ပျော်နေကြသလဲ မင်း မြင်သင့်တယ်။ အရင်တုန်းက သူတို့လည်း မင်းလို လမ်းပျောက်ခဲ့ကြဖူးတယ်။ ကိုယ့်သူငယ်ချင်းရဲ့ ဇနီးတွေထဲကတစ်ယောက်က မင်းလာမယ့်နေ့အတွက် အစီအစဉ်တွေလုပ်ပြီးပြီ။ မင်း သေနတ်ပစ်သင်တန်းတွေတက်ပြီးတာနဲ့ မင်းကို အရမ်းလှတဲ့ စတိုးဆိုင် ကြီးဆီ ခေါ်သွားလိမ့်မယ်။ အရမ်းလှတဲ့ အဝတ်အစားတွေရောင်းတဲ့ ဒီနိုင်ငံက တစ်ခုတည်းသောနေရာပေါ့။ မင်းအတွက် ကိုယ်ဝယ်ပေးမယ်။ ဒီမှာ သူငယ်ချင်း အသစ်တွေနဲ့ ကမ္ဘာငယ်လေးတစ်ခု တည်ဆောက်ပေါ့။ မင်း ဒီကိုလာမှာကို စိတ်လှုပ်ရှားလှပြီ။ မယ်လိုဒီ . . . ချစ်ဇနီးလေး၊ မြန်မြန်လာပါ။ ကိုယ်မစောင့်နိုင် တော့ဘူး''

မယ်လိုဒီတစ်ယောက် ကွန်ပျူတာစခရင်ကိုကြည့်ရင်း သူ့ထက် အသက် ၁၈ နှစ်ကြီးတဲ့ အဲဒီအမျိုးသားကို ကြွေနေမိတယ်။ သူ့ကို skype မှာပဲ မြင်ဖူး တယ်ဆိုပေမဲ့ ချစ်နေမိပြီ။

''ရှင် ကျွန်မကို တကယ်ကောချစ်လို့လား''လို့ မယ်လိုဒီက တိုးတိုး ကလေး ပြောလိုက်တယ်။ သူ့အသံက ကလေးသံကလေးသာသာ။

''အလ္လာကို တိုင်တည်ပြီးပြောမယ်။ ကိုယ်မင်းကို ချစ်တယ်။ မင်းဟာ ကိုယ့်ရဲ့ ရတနာလေးပါ။ အစ္စလာမ့်နိုင်ငံတော်က မင်းရဲ့အိမ်ပဲ။ အုတ်တစ်ချပ်


mgyoe.com

 SAMPLE BOOK 

ချင်းစီပြီးတော့ ပိုကောင်းတဲ့ကမ္ဘာကြီးကို တည်ဆောက်မယ်။ အလ္လာသခင်ကို မယုံကြည်သူတွေ ဝင်ခွင့်မရှိမယ့်နေရာပေါ့။ သမိုင်းကြောင်းမှာ ကိုယ်တို့ နာမည် တစ်ခု အတူတူရေးထိုးကြမယ်။ မင်းအတွက် တိုက်ခန်းကြီးတစ်ခုလည်း ရထား ပြီးပြီ၊ မင်းသူငယ်ချင်းတွေကိုပါ ခေါ်ခဲ့မယ်ဆိုရင် ပိုကြီးတဲ့တိုက်ခန်းကို ရှာပေးမယ်။ ကိုယ်ရှေ့တန်းမှာတိုက်ခိုက်နေချိန် မင်းက မိဘမဲ့ကလေးတွေနဲ့ ဒဏ်ရာရတဲ့ လူတွေကို စောင့်ရှောက်ပေး။ နေဝင်ချိန်ဆို အတူရှိကြမယ်လေ။ အင်ရှာအလ္လာ (Insha'Allah) (အဓိပ္ပာယ်မှာ ဘုရားသခင်ဆန္ဒတော်အတိုင်းလို့ အဓိပ္ပာယ်ရ)

မယ်လိုဒီတစ်ယောက် ချစ်ခြင်းမေတ္တာကို ခံစားရတယ်။ သူဟာ ရည်မှန်း ချက်လမ်းကြောင်းတစ်ခုကို တစ်ဘဝလုံးရှာနေတာ။ အခုတော့ တွေ့ပြီ။

လွှန်ခဲ့သည့်ဆယ်ရက်က ပဲရစ်မြို့

ကျွန်မ အလွတ်တန်းသတင်းထောက်လုပ်တဲ့ မဂ္ဂဇင်းတိုက် အယ်ဒီတာ ရုံးခန်းထဲကပြန်ထွက်လာပြီးနောက် အဲဒီသောကြာနေ့က ကျွန်မစိတ်ထဲ မွန်းကျပ် နေမိတယ်။ ဂျီဟာတ် အမျိုးသမီးငယ်တစ်ယောက်အကြောင်း ကျွန်မရေးထားတဲ့ ဆောင်းပါးကို မဂ္ဂဇင်းမှာမထည့်ဖို့ တားမြစ်တဲ့စာ ရှေ့နေဆီက ရောက်လာတယ်။ ဘယ်လ်ဂျီယံမှာ အဲဒီမိန်းကလေးရဲ့ အမေဖြစ်သူ ဆမီရာနဲ့ နှစ်ရက်တွေ့ခဲ့ပြီးပြီ။ အဲဒီမိန်းကလေးက ဆီးရီးယားမှာရှိတဲ့ တာရစ်ခ်ဆိုတဲ့ လူနောက်ကို လွှန်ခဲ့တဲ့ တစ်နှစ်က လိုက်ပြေးသွားတာ။ သူ့ဘဝမှာအရေးအကြီးဆုံးလူပေါ့။ အစ္စလာမ့်စ် နိုင်ငံတော်တည်ထောင်ရေး ကြိုးပမ်းမှုကို သက်စွန့်ယုံကြည်သူပေါ့။ ခံစားမှုတွေနဲ့ အမှန်ကို မသိမြင်နိုင်တဲ့ လိုင်လာ (နာမည်ပြောင်း) ဟာ သူချစ်ရသူနဲ့ နေချင်တာ။ နွေဦးရာသီတစ်ခုမှာ ရင်ဘတ်တည့်တည့်ကို လာမှန်တဲ့ကျည်ဆန်ကြောင့် အသက် နှစ်ဆယ်ဝန်းကျင် အဲဒီအမျိုးသားခုံးပါးသွားခဲ့တယ်၊ သူ့သမက်ပါလို့ လက်မခံချင့် ခံချင် လက်ခံထားရတဲ့လူ သေသွားတဲ့အကြောင်းကြားတော့ ဆမီရာ မျှော်လင့် ချက်တွေ မြင့်လာတယ်၊ တာရစ်ခ်သေသွားမှတော့ သမီးဖြစ်သူလည်း စစ်ကြောင့် ဝမ်းနည်းဖွယ် ဖွတ်ဖွတ်ကြေနေတဲ့နိုင်ငံမှာ ဆက်နေဖို့အကြောင်း မရှိတော့ဘူးလို့



mgyoe.com

ထင်ထားတာ။ ဒါပေမဲ့ လိုင်လာက ရှင်းတယ်။ သူဟာ ဒီမြင့်မြတ်တဲ့မြေနဲ့ သက်ဆိုင်တယ်။ အရှေ့ အလယ်ပိုင်းမှာ ဘာသာရေးနိုင်ငံတစ်ခု တည်ထောင်ရေး တိုက်ပွဲမှာ အုတ်တစ်ချပ် သဲတစ်ပွင့်ပါချင်တယ်။ ခင်ပွန်းသည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေပေါ့။ တာရစ်ခ်က ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဖြစ်နေပြီးသား။ သည်တော့ ကျန်ရစ်တဲ့သူ့ဇနီးသည်ဟာ ဂရုတစိုက် စောင့်ရှောက်ခံရမယ်ဆိုတဲ့ သဘော။ လူတွေကလည်း လိုင်လာ့ကို လေးစားကြတယ်။ “သမီး ဘာလို့ပြန်လာ ရမှာလဲ”လို့ သူက မေးတယ်။

ဒေသခံသတင်းရင်းမြစ်တွေက အဲဒီသတင်းအကြောင်း သိကြပြီးတဲ့ နောက်မှာ ၁၈ နှစ်သမီး အဲဒီဂျီဟတ်မလေးကို မဟူရာမုဆိုးမနဲ့ နှိုင်းကြတယ်။ သူဟာ အာမက်ရှားမက်ဆော့ကို လုပ်ကြံခဲ့တဲ့လူရဲ့ဇနီး။ သူ့ယောက်ျားက နိုင်ငံ တကာ အကြမ်းဖက်မှုမှာ နာမည်ကြီး။ (အာမက်ရှားမက်ဆော့ဆိုတာက အာဖဂန် နစ္စတန်ကို ဆိုဗီယက်တွေ သိမ်းထားတုန်းက တော်လှန်ရေးခေါင်းဆောင် ဟီးရိုး။ ကမ္ဘာ့ကုန်သွယ်ရေးစင်တာနဲ့ ပင်တဂွန်ကို တိုက်ခိုက်တဲ့နေ့မတိုင်မီ နှစ်ရက်အလို ၂၀၀၁၊ စက်တင်ဘာ ၉ မှာ လုပ်ကြံမခံခဲ့ရဘူးဆိုရင် တာလီဘန်တွေကိုတိုက်တဲ့ မဟာမိတ်အဖွဲ့ကို သူ ဦးဆောင်လောက်တယ်) ဆမီရာက သမီးဖြစ်သူကို သိပ်ချစ်တယ်။ ဒီလိုအခြေအနေတွေကို မြန်မြန်ဆန်ဆန်ပဲ တုံ့ပြန်ဆောင်ရွက်တယ်။ ဒါပေမဲ့ သူရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေက သိပ်များတယ်။ သမီးဖြစ်သူ လိုင်လာကို ဘယ်လ်ဂျီယံပြန်ခေါ်ဖို့ နည်းလမ်းရှာဖို့ လိုသလို သမီးဖြစ်သူဟာ ကမ္ဘာပေါ်မှာ အန္တရာယ်အရှိဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံမှာ နေနေရတယ်ဆိုတာ အာဏာပိုင် တွေကိုလည်း သက်သေပြဖို့လိုတယ်။ အဲဒီလိုမှ မဟုတ်ရင် ကိုယ့်နိုင်ငံကို ပြန်ခြေ ချခွင့် အပိတ်မခံရခင်မှာပဲ လိုင်လာကို ပြည်တွင်းလုံခြုံရေးအတွက် အန္တရာယ် တစ်ခုလို့ သတ်မှတ်ပြီး ထောင်ထဲထည့်မှာ။

ဒီအနေအထားမှာ ဆမီရာနဲ့ ကျွန်မတို့ရဲ့လမ်းကြောင်းတွေ သွားဆုံ မိတာပဲ။ ဂျာနယ်လစ်ဇင်ဟာ လူတစ်ယောက်ကို အကြောင်းအရာအများကြီးနဲ့ ကြုံတွေ့ခဲ့ရစေတယ်။ တစ်ခါတလေ ဝမ်းနည်းကြေကွဲနေတဲ့ မိခင်ကို ကူညီပေး


mgyoe.com

ရတာမျိုး။ ဆမီရာဟာ သူကိုယ်တိုင်ကြုံးပမ်းနေတဲ့အပြင် ဒီမိထရီဘွန်တင့်ကိုလည်း အကူအညီတောင်းတယ်။ သူက ဘယ်လ်ဂျီယံအထူးတပ်ဖွဲ့ဝင်ဟောင်း။ သူ့သားကို ဆီးရီးယားကနေ ပြန်ခေါ်နိုင်ခဲ့လို့ နာမည်ကြီးတယ်။ သူဟာ မိမိတို့ မထင်ထားတဲ့ လူတွေ၊ ကိုယ်မွေးထားတဲ့ ဆယ်ကျော်သက်တွေဟာ ဂျီဟတ်ဝါဒီတွေ ဖြစ်နေတယ် ဆိုတာ သဘောပေါက်လိုက်ရတဲ့ ဥရောပက မိသားစုအားလုံးအတွက် မျှော်လင့် ချက်အလင်းရောင်ပဲ။ သူကိုယ်တိုင် သားဖြစ်သူကို ပြန်ခေါ်နိုင်ခဲ့ပြီးတဲ့နောက်မှာ သူဟာ မမောနိုင်မပန်းနိုင် ကူညီရေးသမားကြီးဖြစ်လာတယ်။ ကိုယ့်သေတွင်း ကိုယ်တူးသလိုမျိုးဖြစ်နေတဲ့ အဲဒီသားသမီးတွေ ပြန်လည်ခေါ်ဆောင်ရေး မစ်ရှင်မှာ ကူညီပေးတယ်။ ဒါမှမဟုတ် သူတို့မိသားစုဝင်တွေကို ကူညီပေးဖို့ တိကျခိုင်မာတဲ့ သတင်းအချက်အလက်တွေ ရှာဖွေပေးတယ်။ ''မဟူရာ မုဆိုးမ''လို့ သတ်မှတ်ခံ ရတဲ့အတွက် လိုင်လာ ကြုံတွေ့ရတဲ့ အန္တရာယ်တွေကိုသိနေတော့ သူက ကျွန်မကို မိခင်ဖြစ်သူနဲ့ တွေ့ဖို့ပြောတယ်။ ကျွန်မက သတင်းထောက်။ ပထဝီနိုင်ငံရေးကို အများကြီးစိတ်ဝင်စားပေမဲ့ ကျွမ်းကျင်ပညာရှင် မဟုတ်ဘူး။ ဒါပေမဲ့ ဘာသာရေး အတွက်ဖြစ်ဖြစ်၊ နိုင်ငံသားဖြစ်တည်မှုအတွက်ဖြစ်ဖြစ်၊ လူမှုရေးစနစ်အတွက်ဖြစ်ဖြစ် ကြိုးပမ်းနေကြတဲ့ မခန့်မှန်းနိုင်တဲ့ အပြုအမူလှုပ်ရှားမှုတွေကို အမြဲစိတ်ဝင်စားတယ်။ အဲဒီလိုဆုံးဖြတ်ချက်တွေချဖြစ်အောင် လူတွေကို ဘာတွေက တွန်းအားပေးနေလဲ ဆိုတဲ့အပေါ် အများကြီးစိတ်ဝင်စားတယ်။ တစ်ခါတစ်ရံ မူးယစ်ဆေး၊ တစ်ခါ တလေ ရာဇဝတ်မှု၊ တစ်ခါတစ်ခါ ဖယ်ကြဉ်ခံရမှုတွေကြောင့်။ အစွန်းရောက် အစ္စလာမ်ဝါဒနဲ့ပတ်သက်ပြီး အများကြီးရေးဖူးတယ်။ အဲဒီတုန်းက ကျွန်မက အစ္စလာမ္မစ်နိုင်ငံ (IS) ထဲက ဥရောပသား ဂျီဟတ်ဝါဒီတွေအကြောင်း တစ်နှစ် လောက်လေ့လာဖူးတယ်။ ဖြစ်စဉ်တွေ တော်တော်များများကတူကြတယ်။ ဒါပေမဲ့ ကျွန်မစိတ်ဝင်စားတာက ဘာကများ သူတို့ကို အရာအားလုံးစွန့်လွှတ်ပြီး ဒီလမ်းစဉ် အတွက် သေလမ်းကိုရွေးအောင် တွန်းပေးကြသလဲဆိုတဲ့အချက်ပဲ။

အဲဒီအချိန်တုန်းကလည်း ဒီမိထရီတစ်ယောက် သားတော်မောင်ကို ကိုးလတာ လိုက်ရှာခဲ့ရပုံအကြောင်းကို သူနဲ့ကျွန်မ နှစ်ယောက်ပေါင်းပြီး စာအုပ်


mgyoe.com

mgyoe.com SAMPLE BOOK

ရေးနေတာ။ ဒီလိုပုံစံမျိုးကို ကြုံနေရတဲ့ ဥရောပမိသားစုတွေအများကြီးနဲ့ စကားပြောခဲ့ကြတယ်။ ဖြစ်နိုင်သမျှ များများ လူတွေကို အင်တာလိုက်ဗျူးတယ်။ ဘုရားသခင်က အသစ်ဖန်တီးလိုက်တဲ့ စစ်သားကလေးတွေအပေါ် ဒီဂျစ်တယ်နည်းနဲ့ ဝါဒဖြန့်မှုက ဘယ်လောက်သက်ရောက်မှုရှိသလဲဆိုတာ ကျွန်မ မြင်တွေ့ခဲ့ပြီးပြီ။ ဒါပေမဲ့ သူတို့ ဒီလိုတွေ ဆုံးဖြတ်အောင် ဘာတွေက တွန်းပို့သလဲဆိုတာ နားမလည်နိုင်သေးဘူး။ သူတို့ အတိတ်တွေ၊ မိသားစုတွေ၊ အရာအားလုံးကို ထားပစ်ပြီး ဘာကြောင့် ထွက်သွားကြသလဲ။ သီတင်းပတ်အနည်းငယ်အတွင်းမှာ သူတို့ဟာ ကိုယ့်ဘဝကို စွန့်ပစ်လိုက်ကြပြီး နောက်ကို လှည့်မကြည့်ကြတော့ဘူးလို့ စိတ်ဆုံးဖြတ်လိုက်ကြတယ်။ သူတို့နေခဲ့တဲ့ အိပ်ခန်းထဲကို ဝင်ကြည့်တဲ့အခါတိုင်း ကျောချမ်းမိတယ်၊ သူတို့မိဘတွေက ထိန်းသိမ်းထားပေးတာ။ ကျွန်မက တခြားလူတွေရဲ့ သီးသန့်နေရာတွေကို ဝင်ကြည့်နေတာပါပကော။ မေ့လျော့ခံဘဝတွေအတွက် အမှတ်တရနေရာတွေ ဖြစ်လာတဲ့ အိပ်ခန်းတွေပေါ့။ သူတို့ သုံးစွဲခဲ့တဲ့ ပစ္စည်းတွေဟာ သူတို့ဖြစ်တည်မှုရဲ့ နောက်ဆုံးသက်သေပေါ့။ လိုင်လာရဲ့ ဖြစ်တည်မှုကလည်း ကာလယန္တရားထဲမှာ တန့်နေသလိုပဲ။ သာမန်မိန်းကလေးဘဝပုံတွေက အများကြီး။ သူငယ်ချင်းတွေ အိမ်ရှေ့၊ ကော်ဖီဆိုင်ထဲ စသဖြင့် နေရာအစုံမှာ ရိုက်ထားတဲ့ ဓာတ်ပုံထဲမှာ အင်္ကျီလက်ပြတ်ကလေးဝတ်လို့။ မိတ်ကပ်တွေ လိမ်းထားလို့။ မွတ်ဆလင်အမျိုးသမီးတွေဝတ်တဲ့ အနက်ရောင်ဝတ်စုံနဲ့ ကလက်ရှ်နီကော့ရိုင်ဖယ်နဲ့ လိုင်လာအသစ်အဖို့ ဒီပုံတွေဟာ အတိတ်ကခြေရာ မှိန်မှိန်တွေ ရယ်ပါ။

ဆမီရာပြောပြတဲ့ဇာတ်ကြောင်းကို နားထောင်ပြီးတဲ့အခါမှာ ကျွန်မ ဆက်ပြီး စုံစမ်းထောက်လှမ်းတယ်။ အဲဒီအခါ ဆမီရာပြောပြတဲ့အထဲက အချို့ကို အတည်ပြုနိုင်တယ်။ ပြီးတော့ ဆောင်းပါးတစ်ပုဒ်ရေးခဲ့တယ်။ ဒါဟာ အခုနောက်ပိုင်း သတင်းတွေထဲမှာ ခဏခဏပါနေတဲ့ အကြောင်းအရာအကြောင်း ဆောင်းပါးနောက်တစ်ပုဒ်ပါပဲ။ အခုတော့ အဲဒီဆောင်းပါးကို မဖော်ပြတော့ဘူးတဲ့။ ကျွန်မတို့ အင်တာဗျူးအကြောင်း လိုင်လာ့ကိုပြောလိုက်တော့ သူက တံတားတွေ


mgyoe.com

mgyoe.com


အကုန်လုံးကို မီးရှို့ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ စိုးရိမ်ပူပန်နေတဲ့ မိခင်ဖြစ်သူက သူ့စကားအတိုင်း အတိအကျ ပြန်ပြောပြတယ်။ ''သတင်းဌာနတွေကို သမီးအကြောင်းပြောရင် ဘယ်တော့မှ ပြန်မလာတော့ဘူး။ သမီးဆီက ဘာမှ ကြားရမှာ မဟုတ်တော့ဘူး။ သမီးသေသလား၊ ရှင်သလားတောင် အမေ မသိစေရဘူး''တဲ့။ အဲဒီနောက်တော့ ဆောင်းပါးကို ပုံနှိပ်ဖော်ပြခွင့်ရဖို့ ဆမီရာကို နားချလို့ မရတော့ဘူး။ တကယ်တော့ အဲဒီဆောင်းပါးဖော်ပြဖို့ဆိုရင် သူ့ဆီက ခွင့်ပြုချက် မလိုဘူးရယ်။ ဒီအကြောင်းက ဘယ်လ်ဂျီယံမှာ လူတိုင်းသိနေပြီးသား။ ဒါပေမဲ့ ပုံနှိပ်ဖော်ပြလိုက်ရင်ကော ဘာကောင်းကျိုးရှိမလဲ။ ဝမ်းနည်းစွာနဲ့ပဲ ဒီအကြောင်း သတင်းတွေ၊ ဆောင်းပါးတွေက အပတ်တိုင်းပါနေကျ။ ကျွန်မသည်လည်း ယုံကြည်မှုကိုရှာတွေ့သွားပြီလို့ယုံကြည်တဲ့ ဒီလူငယ်တွေရဲ့သန္နိဋ္ဌာန်ကို အများကြီး သိပြီးသား။ နေ့တိုင်းနေ့တိုင်း တစ်နေကုန် တစ်နေခန်းပဲ သူတို့အနေနဲ့ ''ပျက်စီးခြစားနေတဲ့'' သူတို့မိသားစုတွေကို မေ့ပစ်လိုက်ဖို့၊ သူတို့ ညီအစ်ကို အသစ်တွေကိုသာ ထွေးပွေ့လိုက်ဖို့ဆိုတဲ့ သတင်းစကားတွေပဲ နားထဲ အတင်းသွင်းခံနေရတယ်။ 'အမေ'၊ 'အဖေ'လို့ သူတို့ခေါ်နေပေမဲ့ အဲဒီ 'မယုံကြည်သူ ဒိဋ္ဌိတွေ'ဟာ သူတို့ရဲ့ ဘာသာရေးလမ်းကြောင်းအတွက် အဟန့်အတားတွေပဲ။

ဒါဟာ လိုင်လာရဲ့အမှားလည်းမဟုတ်ဘူး။ သူဟာ အမေကို ဘယ်လိုနေပါ၊ ဘယ်လိုထိုင်ပါ ပြောပြီး ကာကွယ်ပေးနေတာလို့ ရိုးရိုးသားသား ယုံကြည်နေရှာတာ။ ကျွန်မဟာ ကျွန်မအိမ်မှာ တစ်ယောက်တည်း ဒီအစွလာမ်တွေသုံးတဲ့ ဝါဒဖြန့်နည်းလမ်းတွေကို လေ့လာနေတယ်။ တာရစ်ခ်အသက်ရှင်စဉ်က ဗီဒီယိုတွေ လိုက်ရှာရင်း ယူကျူမှာ ဝါဒဖြန့်ဗီဒီယိုတွေ တစ်ပြုံတစ်ခေါင်း သွားတွေ့တယ်။ သူတို့ပြောနေတဲ့စကားက ပြင်သစ်၊ အင်္ဂလိပ်မဟုတ်ဘူးဆိုရင် အသံပိတ်ပြီး ကြည့်ရတယ်။ သူတို့ ကြွေးကြော်နေတဲ့ အသံတွေဟာ ခေါင်းထဲဝင်ပြီး စိတ်တွေ နောက်ကျိလာတယ်။ ကျွန်မ ဆက်ပြီးနားမထောင်နိုင်တော့ဘူး။ ဒါပေမဲ့လည်း နှိပ်စက်နေတဲ့ပုံတွေ၊ နေပူကျက်ကျက်ထဲက မီးတူးနေတဲ့ အလောင်းပုံရိပ်တွေနဲ့ စာရင် အသံက နည်းနည်းခံသာသေးတယ်။ ပြင်သစ်ဘာသာနဲ့ အွန်လိုင်းက


mgyoe.com

mgyoe.com


ဂျိုဟတ်ကွန်ရက်တွေမှာ လျှောက်မွှေရင်း အသံနဲ့ရုပ်ပုံတွေအကြားက ကွာခြားချက်ကို တုန်လှုပ်မိတယ်။ ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ မြင်ကွင်းတွေနဲ့အတူ ကပ်ပါလာတဲ့ ကလေးသံမပျောက်သေးတဲ့ လူငယ်တွေရဲ့ ရယ်သံကြောင့် ဒီဗီဒီယိုတွေက ပိုပြီးတော့တောင် မကြည့်နိုင်၊ နားမထောင်နိုင်အောင် ဖြစ်လာတယ်။ ပြီးခဲ့တဲ့နှစ်မှာ လှုပ်ရှားမှုတွေပိုများလာတာကို သတိထားမိတယ်။ ဆယ်ကျော်သက် ဂျိုဟတ်ဝါဒီတွေမှာ ဖေ့စ်ဘွတ်အကောင့်နှစ်ခု ရှိတယ်။ တစ်ခုက နာမည်တုနဲ့ ဖွင့်ထားတာ။ မိသားစုတွေရှေ့မှာဆိုရင်တော့ သာမန်လိုပဲ နေထိုင်တယ်။ ဒါပေမဲ့ သူတို့ အိပ်ခန်းထဲ ပြန်ရောက်လာတဲ့အခါမှာဆိုရင်တော့ အစစ်အမှန်လို့ သူတို့ယူဆထားတဲ့ အင်တာနက်ကမ္ဘာထဲကို ဝင်သွားတော့တာပဲ။ တချို့ကလည်း သူတို့ရေးလိုက်၊ ပြောလိုက်တဲ့ဟာတွေရဲ့ သက်ရောက်မှု ဘယ်လောက်ရှိတယ်ဆိုတာ နားမလည်ဘဲ လူသတ်ကြဖို့ တိုက်တွန်းတယ်။ တချို့လည်း ဂျိုဟတ်လုပ်ကြဖို့ တိုက်တွန်းတယ်။ မိန်းကလေးတွေဟာ ဂါဇာက ကလေးတွေအကြောင်း၊ ဒီကလေးတွေ ဒုက္ခခံစားနေရတဲ့အကြောင်းတွေ ရေးသားပြီး လင့်ခ်တွေ မျှဝေကြတယ်။ အဲဒီမိန်းကလေး တော်တော်များများရဲ့ နာမည်ဝှက်တွေက "Umm" နဲ့စကြတယ်။ အာရဗီဘာသာစကားနဲ့ဆိုရင် 'အမေ' လို့ အဓိပ္ပာယ်ထွက်တယ်။

ဘယ်လိုရှာရမလဲဆိုတာ သိတဲ့လူတွေအဖို့ လူမှုကွန်ရက်တွေဟာ တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေ အများကြီးရှိတယ်။ ဒါကြောင့်လည်း တခြား ဂျာနယ်လစ်တွေလိုပဲ ကျွန်မလည်း လွန်ခဲ့တဲ့ နှစ်တော်တော်ကြာကြာက ဖန်တီးထားတဲ့ အကောင့်တုတစ်ခုရှိတယ်။ လက်ရှိဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကို စောင့်ကြည့်ဖို့ အဲဒီအကောင့်ကိုသုံးတယ်။ အကောင့်မှာ ပို့စ်တွေ ဘာတွေ သိပ်မတင်ဘူး။ တင်ရင်လည်း နည်းနည်းပဲ၊ သူငယ်ချင်း တစ်ရာဝန်းကျင်လောက်ပဲ သိလောက်အောင် တင်တယ်။ အကောင့်ရဲ့နာမည်က မယ်လိုဒီတဲ့။ ကျွန်မ အကောင့်ထဲက သူငယ်ချင်းတွေကလည်း နာမည်အစစ်တွေ မသုံးကြဘူး။ တခြား အရုပ်တွေ ပရိုဖိုင်ပုံတင်ထားတယ်ဆိုရင်တော့ အကောင့်တုပဲ။ သုံးတဲ့လူတွေဟာလည်း အကောင့်တုနဲ့ဆိုတော့ လွတ်လွတ်လပ်လပ် ပြောလို့ရတယ်။ များပြား


mgyoe.com

SAMPLE BOOK

လာတဲ့ လူငယ်တွေအတွက် အဲဒီအကောင့်တွေဟာ အစွလာမ်ဝါဒဖြန့်ချိရေးကို စိတ်ဝင်စားကြတယ်။ နည်းပညာသစ်တွေဟာ သိမ်းသွင်းနည်း၊ ဝါဒဖြန့်နည်း အသစ်တွေ မွေးထုတ်ပေးတယ်။ ကျွန်မဟာ ဖေ့စ်ဘွတ်အကောင့်တွေရေးထားတဲ့ သိပ်ရက်စက်တဲ့၊ ပြင်းထန်ဆိုးရွားလွန်းတဲ့ အစီအစဉ်တွေအကြောင်း နာရီပေါင်း များစွာ အကုန်ခံပြီး လိုက်ဖတ်တယ်။ အဲဒီလို ရာဇဝတ်မှုကျူးလွန်ဖို့ ရေးသားနေတဲ့ လူငယ်အကုန်လုံး လူသတ်သမားတွေဖြစ်မလာတာကိုပဲ ဝမ်းသာရသေး။ တချို့ တွေအတွက်တော့ ဂျီဟတ်ဝါဒ ၂.၀ ဟာ ဖက်ရှင်တစ်ခုလိုပဲ။ တခြားလူတွေ အတွက်တော့ ဒါဟာ အစွန်းရောက်ဝါဒဆီ သွားရာလမ်းကြောင်းရဲ့ ပထမ ခြေလှမ်းပဲ။

ဧပြီလရဲ့ သောကြာနေ့ညကို ထိုင်ခုံပေါ်မှာပဲ လှဲပြီးတော့ ကျွန်မ ဆောင်းပါးမဖော်ပြဖို့ တားမြစ်စာအကြောင်း အပြန်ပြန် အလှန်လှန် စဉ်းစားရင်း အကောင့်တစ်ခုပြီးတစ်ခု ဝင်ကြည့်ရင်း ကုန်လွန်ခဲ့တယ်။ ရုတ်တရက် အသက် ၃၅ နှစ်အရွယ်ဝန်းကျင် ပြင်သစ်လူမျိုး ဂျီဟတ်ဝါဒီတစ်ယောက်ရဲ့ ဗီဒီယိုကို သွားတွေ့တယ်။ ဗီဒီယိုထဲမှာ အဲဒီလူဟာ သူ့ SUV ထဲကို ပစ္စည်းတွေထည့် နေတာ တွေ့ရတယ်။ သတင်းဌာန Les Guignols de L'info ပုံစံမျိုး ခပ်ညံ့ညံ့ တုပပြီးလုပ်ထားတာ။ အရည်အသွေးနိမ့်လှတဲ့ ပုံတွေကိုကြည့်ပြီး ပြုံးမိတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ ကျေနပ်နေတာမျိုး မဟုတ်ပေမဲ့လည်း ဆက်ပြီးကြည့်နေ မိတယ်။ ဗီဒီယိုထဲကလူက စစ်ဝတ်စုံဝတ်ပြီး သူ့ကိုယ်သူ အဘူဘီလယ်လ်လို့ ခေါ်တယ်။ သူက ဆီးရီးယားမှာရောက်နေတာလို့ ဆိုတယ်။ သူ့နောက်က ကမ္ဘာ ပျက်နေသလို မြင်ကွင်းက သူ့ပြောဆိုချက်ကို ထောက်ခံနေတယ်။ သူဟာ သူ့အရပ်သုံး ဆက်သွယ်ရေးစက် CB ရေဒီယိုကို မာန်ပါပါနဲ့ဖွင့်ပြီး ဆက်သွယ် ပြတယ်။ သူ့ရေဒီယိုက ၁၉၇၀ ဝန်းကျင်က စက်အတိုင်းပဲ။ တယ်လီဖုန်းကွန်ရက် ကနေ ဆက်သွယ်လို့မရတဲ့အခါ ဒီရေဒီယိုကနေ ဆက်သွယ်တယ်လို့ဆိုတယ်။ တကယ်တော့ သူ့ရေဒီယိုက ဆက်သွယ်တာထက် ဂျစ်ဂျစ် ဂျစ်ဂျစ်အသံ ထွက်နေတာ ပိုများတယ်။ သူ့ကားနောက်ခန်းမှာတော့ သူ့ကျည်ကာဝတ်စုံဟာ


mgyoe.com

အူဖီသေနတ်ဘေးမှာ ရှိနေတာ။ အူဇီသေနတ်ဟာ အစ္စရေးစစ်တပ်အတွက် ထုတ်ထားတဲ့ သေနတ်။ သူက လက်နက်တွေကို ထုတ်ပြတယ်။ အဲဒီအထဲမှာ "အီရတ်မှာ မရင်းတစ်ယောက်ဆီကရထားတဲ့ အမ် ၁၆" လို့ သူပြောတဲ့ သေနတ် လည်းပါတယ်။ ကျွန်မ အသံထွက်ပြီး ရယ်မိတယ်။ သူပြောတဲ့ မယုံနိုင်စရာ အဲဒီအချက်ဟာ တကယ်ဖြစ်နိုင်တယ်ဆိုတာ နောက်မှသိခဲ့ရတယ်။ တကယ်တော့ သူဟာ လွန်ခဲ့တဲ့ ၁၅ နှစ်လုံးလုံး ကမ္ဘာပတ်ပြီး ဂျီဟတ်လုပ်လာတာ။ ဒါပေမဲ့ လောလောဆယ်မှာတော့ ဆီးရီးယားငွေတစ်ထုပ်၊ သကြားလုံး၊ ဓားတွေထုတ်ပြ နေတဲ့ စခရင်ပေါ်က အဲဒီလူအကြောင်း ကျွန်မ ဘာမှမသိသေးဘူး။ သူဟာ မျက်နှာမှာတပ်ထားတဲ့ ရေးဘန်တံဆိပ်မျက်မှန်ကို ဖယ်လိုက်တဲ့အခါ အိုင်းလိုင်နာ ဆိုးထားတဲ့ သူ့မျက်လုံးတွေကို တွေ့ရတယ်။

အာဖဂန်စစ်သားတွေဟာ မီးခိုးတွေနဲ့ကြုံတဲ့အခါ မျက်ရည်မထွက်အောင် မျက်လုံးကို အိုင်းလိုင်နာ ဆိုးတတ်ကြတာ ကျွန်မသိတယ်။ ဒါပေမဲ့ ကျွန်မလိမ်း ထားသလို မျက်လုံးတစ်ဝိုက် အိုင်းလိုင်နာတွေ ဆိုးထားတာ တွေ့ရတော့ အံ့အား သင့်စရာ ဖြစ်နေပြန်တယ်။ သူက ပြင်သစ်စကားကို ကောင်းကောင်းပြော တတ်တယ်။ အာဖဂန်လေသံ နည်းနည်းတော့ ဝဲတယ်။ သူဟာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်တဲ့ပုံစံမျိုးနဲ့ ပြုံးလိုက်ပြီး ကြည့်နေတဲ့လူတွေကို 'ဟီဂျ်ရာ' လုပ်ကြဖို့ တိုက်တွန်းတယ်။ (ဟီဂျ်ရာဆိုတာ ၇ ရာစုတုန်းက တမန်တော် မိုဟာမက်နဲ့ သူ့နောက်လိုက်တွေ မက္ကာကနေ မက်ဒီနာကိုသွားတဲ့ခရီးကို ရည်ညွှန်းတယ်။ ဒီနေ့ခေတ်မှာတော့ မယုံကြည်သူ ဒိဋ္ဌိတွေနေတဲ့နယ်မြေကို စွန့်ပြီး အစ္စလာမ် နိုင်ငံကို ရွှေ့ပြောင်းတာကို ပြောတဲ့အခါမှာ အသုံးများလာတယ်)

ကျွန်မက သူ့ဗီဒီယိုကို မျှဝေလိုက်တယ်။ ပုံမှန်ဆိုရင် ကျွန်မဟာ အဲဒီ အကောင့်တုမှာ သိပ်မတင်လှဘူး။ ဒါပေမဲ့ ရံဖန်ရံခါဆိုသလို သူတို့ကမ္ဘာထဲမှာ နေရာတစ်ခုရအောင် တခြားလူတွေလုပ်သလို လိုက်လုပ်လေ့ရှိတယ်။ ကျွန်မက သူတို့လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ဆွယ်တရားဟောတာ၊ တိုက်တွန်းတာတွေ မလုပ်ဘူး။ အာဆတ်ရဲ့ စစ်တပ်က တိုက်ခိုက်တာတွေနဲ့ ပတ်သက်တဲ့ ဆောင်းပါး


mgyoe.com

SAMPLE BOOK

လင့်ခ် (link) တွေ၊ အခုလို ဗီဒီယိုတွေကို မျှဝေလေ့ရှိတယ်။ ကျွန်မရဲ့ ပရိုဖိုင်ပုံက ဒစ္စနီရဲ့ အာလာဒင်ရုပ်ရှင်ကားထဲက မင်းသမီး ဂျက်စမင်ရဲ့ ကာတွန်းပုံ။ ကာဗာပုံအတွက်တော့ အွန်လိုင်းမှာတွေ့တဲ့ လူသိများတဲ့ ကြွေးကြော်သံတစ်ခုကို တင်လိုက်တယ်။ "ကျွန်ုပ်တို့ကို သင်တို့လုပ်ခဲ့သည့်အတိုင်း သင်တို့အား ကျွန်ုပ်တို့ ပြန်လုပ်မည်"တဲ့။ ကျွန်မ စုံစမ်းရှာဖွေနေတဲ့ သတင်းအပေါ်မူတည်ပြီးတော့ ကျွန်မအကောင့်ရဲ့ တည်နေရာကိုပြောင်းတယ်။ အခုတော့ ကျွန်မက ပြင်သစ်နိုင်ငံအနောက်တောင်ဘက်က တူလူဖ်မြို့မှာလို့ ထည့်ထားတယ်။ ပြီးခဲ့တဲ့ငါးနှစ်အတွင်းမှာ သတင်းတွေအများကြီးကြောင့် အဲဒီကို ရောက်သွားဖူးတယ်။ မှတ်မှတ်ရရတော့ ၂၀၁၂ တုန်းက မိုဟာမက်မဲရာကျူးလွန်တဲ့ ပစ်ခတ်မှုလိုပေါ့။ သူနေတဲ့ တူလူဖ်မြို့ အရှေ့မြောက်မြို့စွန်က အိမ်ရာစီမံကိန်းဟာ သတင်းမိုင်းတွင်းကြီးပဲ။ ဟာရှိ ခေါ် ဆေးခြောက်တွေ ရောင်းဝယ်ရာမှာ အရေးကြီးတဲ့ ဗဟိုဌာနလို့လည်း ပြောလို့ရတယ်။

တကယ်တော့ ကျွန်မက ပဲရစ်မှာရယ်။ ဆီးရီးယားဆီထွက်သွားကြတဲ့ အကြောင်း ရှုထောင့်အသစ်ရဖို့ ခေါင်းခြောက်နေတာ။ ဒီဖြစ်စဉ်အများစုဟာ တစ်ခုနဲ့တစ်ခု ဆင်တယ်။ စာဖတ်သူတွေအနေနဲ့ကလည်း ဒီသတင်းတွေနဲ့ ဟုန်နေလောက်ပြီလို့ထင်တယ်။ ပြီးတော့ ဆီးရီးယားက ဆိုးရွားလှတဲ့ အခြေအနေတွေကြောင့်လည်း ခွဲခြမ်းစိတ်ဖြာလေ့လာဖို့ ခက်ခဲတယ်။ အပတ်စဉ်ပဲ သတင်းအတွက် ရှုထောင့်အသစ်ကနေ ရေးနိုင်အောင် အယ်ဒီတာတွေနဲ့ တွဲပြီးလုပ်တယ်။ အပတ်တိုင်းပဲ ဒီကောက်ချက်ဆီပဲ ပြန်ဆိုက်တယ်။ ကောက်ချက်ကတော့ ဂျီဟတ်ဝါဒီလောင်းလျာတွေဟာ လူမှုရေး၊ ဘာသာရေး နောက်ခံအမျိုးမျိုးကလာတယ်။ ရောက်တဲ့ဝန်းကျင်မှာ အသားမကျတာကြောင့်၊ ဒါမှမဟုတ် ကျဆုံးမှုတစ်ခုခုကြောင့် အစွန်းရောက် အစွလာမ်ဖြစ်လာတယ်။ ပြီးတော့ ဆီးရီးယားမှာ မှိုလိုပေါက်နေတဲ့ အစ္စလာမ္မစ်ဂိုဏ်းအဖွဲ့အစည်းတွေနဲ့ပေါင်းဖို့ ဆီးရီးယားကို ထွက်သွားတယ်ဆိုတာပဲ။ ဖြစ်စဉ်အလားတူတွေဆိုပေမဲ့ ဒီဖြစ်စဉ်တွေအကြောင်း အများကြီး သတင်းလိုက်ဖူးတော့ ကျွန်မအနေနဲ့ ဒီမိသားစုတွေနဲ့ သံယောဇဉ်တွယ်မိတယ်။


mgyoe.com

mgyoe.com  SAMPLE BOOK 

သူတို့ကို တွေ့ခွင့်ရချင်မှရပေမဲ့ သူတို့ရဲ့ သားသမီးတွေနဲ့ ဖြစ်ကြောင်းကုန်စင်တွေကို ကျွန်မ ဂရုစိုက်တယ်။ သတင်းတွေလိုက်ရင်းနဲ့ ဂျီဟတ်ဝါဒမှိုင်းမိနေတဲ့ လူငယ်လေးတွေကိုတွေ့ခဲ့ဖူးတယ်။ သူတို့နဲ့တွေ့တဲ့အခါ ဘာလို့ အဲဒီကိုသွားချင်လဲဆိုတာ ပြောပြကြတယ်။ ''သေခြင်းတရားနဲ့ ထိုးကျွေးခံရတဲ့ စစ်သားတွေအဖြစ်ထက် အဲဒီမှာ မင်းအတွက် ဘာရှိလို့လဲ'' လို့ ကျွန်မကမေးတဲ့အခါ ပြန်ရတဲ့အဖြေတွေက အတူတူနီးပါး ဖြစ်နေတတ်တယ်။ ''အစ်မနားမလည်ပါဘူး အန်နာရယ်။ အစ်မက ခေါင်းနဲ့ပဲစဉ်းစားတာ။ နှလုံးသားနဲ့ မစဉ်းစားဘူး''တဲ့။ သမိုင်းထဲကအဖြစ်အပျက်တွေနဲ့ယှဉ်ကြည့်ရင် စိတ်မောလာတယ်။ ယဉ်ကျေးမှုမြင့်မားတဲ့ ဂျာမနီဆိုရင် ပြီးခဲ့တဲ့ဆယ်စုနှစ်တုန်းက ဟစ်တလာ့လက်ထဲ ရောက်ခဲ့ဖူးတာ။ ဒါမှမဟုတ် ကွန်မြူနစ်ဝါဒကြောင့် ကမ္ဘာကြီးက အဖြူနဲ့အမည်း နှစ်ခုပဲရှိတဲ့ပုံ ဖြစ်နေတာ။ ဒါမှမဟုတ် အမှန်တရားဆိုတာ မော်စီတုန်းရေးခဲ့တဲ့ စာအုပ်အနီကလေးထဲမှာ ရှိတယ်ဆိုပြီးတော့ ၁၉၇၀ ဝန်းကျင်က ပညာရှင်မျိုးဆက်က မော်စီတုန်းရဲ့အတွေးအခေါ်ကို ချီးပခဲ့ကြတာ စသဖြင့်ပေါ့။ ဒါပေမဲ့ အင်တာနက်က ဆွေးနွေးငြင်းခုံသူတွေကတော့ အနီနဲ့အစိမ်းဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်း အရောင်တွေပဲလို့ထောက်ပြပြီး သမိုင်းအဖြစ်အပျက်တွေနဲ့ ကျွန်မယှဉ်ပြိုင်တာကို လှောင်ကြတယ်။ တကယ်တော့ ကျွန်မက ကုရ်အာန်ကျမ်းကို ပြောနေတာ မဟုတ်ဘူး။ သူက အခုဖြစ်နေတဲ့ အစွန်းရောက်အယူအဆတွေနဲ့ ဘာမှမဆိုင်ဘူး။

၂၀၁၄ ခုနှစ်မှာ ဂျာနယ်လစ်အလုပ်ဆိုတာ လူလေးစားခံရတဲ့ အလုပ်မဟုတ်တော့ဘူး။ လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို သတင်းလိုက်နေတယ်ဆိုရင် ဒါဟာ တကယ် နှစ်နှစ်ကာကာ လုပ်ချင်လို့ လုပ်နေတာ။ ဒီအကြောင်းအရာကို နည်းလမ်းအသစ်နဲ့ ရေးနိုင်ခဲ့မယ်ဆိုရင် ကောင်းမယ်။ လူတစ်ယောက်ချင်းရဲ့ အဖြစ်အပျက်ကို တခြားအလားတူ ဖြစ်ရပ်တွေရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ခြင်းမပြုတဲ့ နည်းလမ်းပေါ့။ ကျွန်မအနေနဲ့ ''ဒီဂျစ်တယ် ဂျီဟတ်ဝါဒ'' ရဲ့ဇာစ်မြစ်ကို စုံစမ်းဖော်ထုတ် သတင်းလိုက်ချင်တယ်။ ဘာသာမျိုးစုံ နောက်ခံနဲ့ မိသားစုတွေကို ပိုပိုပြီး ထိခိုက်ရိုက်ခတ်လာတဲ့ ဒီဖြစ်စဉ်ဆိုးကြီးရဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


ဇာစ်မြစ်ကို သိချင်တယ်။ ပြီးတော့ ကလေးတွေ ဒီဝါဒဖြန့်ချိရေး ထောင်ချောက်ထဲ ဘယ်လိုရောက်သွားလဲ ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ချင်တယ်။ ပြီးတော့ နှိပ်စက်ရင်း၊ ခိုးဝှက်လုယက်ရင်း၊ အဓမ္မကျင့်ရင်း၊ သူများကိုသတ်ဖြတ်ရင်း၊ အသတ်ခံရရင်း သူတို့ရဲ့နေ့ရက်တွေကို ကုန်ဆုံးပြီး ညကျတော့ ကွန်ပျူတာ စခရင်ကိုကြည့်ရင်း သူတို့လုပ်ပုံကိုင်ပုံ ကြမ်းရမ်းပုံတွေအကြောင်း ဗီဒီယိုဂိမ်းစွဲ နေကြတဲ့ ဆယ်ကျော်သက်ကလေးတွေကို ကြွားနေကြတဲ့ အဲဒီစစ်သားတွေရဲ့ အကောင်းအဆိုးဖြစ်စဉ်တွေ ကောင်းကောင်းသိချင်တယ်။

အပြန်အလှန် သုံးသပ်ရင်း ကျွန်မ စိတ်ဓာတ်ကျမိတယ်။ ဒါပေမဲ့ လက်တော့မလျှော့ချင်။ အဲဒီအချိန်မှာ 'မယ်လိုဒီ' ဆီကို မက်ဆေ့သုံးစောင်ရောက် လာကြောင်း ကွန်ပျူတာက အချက်ပြလာတယ်။ ပို့တဲ့လူက အဘူဘီလယ်လ်။ အိပ်မက်လိုလိုဖြစ်နေတယ်။ ကျွန်မက နွေဦးကာလ သောကြာနေ့ည ၁၀ နာရီမှာ ပဲရစ်မြို့ပေါ် ကျွန်မအခန်းထဲက ဆိုဖာပေါ်ထိုင်ရင်း အစွန်းရောက်အစ္စလာမ် မှိုင်းမိနေတဲ့ ဥရောပ ဆယ်ကျော်သက်ကလေးတွေအကြောင်း ဘယ်လိုဆက်ပြီး စုံစမ်းဖော်ထုတ်ရမလဲ စဉ်းစားနေတုန်း ဆီးရီးယားက ပြင်သစ်ဖွားအကြမ်းဖက် သမားတွေ ရုတ်တရက် ကျွန်မဆီ စာရေးလာပါပကော။ ကျွန်မ ဘာပြောရမှန်း မသိဖြစ်နေတယ်။ အဲဒီအချိန်မှာ သေချာတာတစ်ခုကတော့ ကျွန်မ နားရက် စနေ တနင်္ဂနွေကို ဒီလိုမျိုး စရလိမ့်မယ်လို့ မတွေးခဲ့မိတာပဲ။

အဲဒီည

''ဆလမ်မာလေးကွန်း ညီမလေး။ ကိုယ့်ဗီဒီယိုကို ကြည့်ထားတာ တွေ့တယ်။ အဲဒီဗီဒီယိုက ပေါက်သွားတယ်။ အကြမ်းကြီး။ ညီမလေးက မွတ်ဆလင်လား''

''မူဂျာဟစ်ဒင်နဲ့ ပတ်သက်ပြီး ဘယ်လိုထင်လဲ''

''နောက်ဆုံးမေးခွန်းပါ။ ညီမလေး ဆီးရီးယားကိုလာဖို့ စိတ်ကူးလား''

mgyoe.com

mgyoe.com

SAMPLE BOOK


သူက ပြောချင်တာကို တဲ့ပဲပြောလိုက်တယ်။ ကျွန်မ ဘာလုပ်ရမှန်း မသိဘူး။ ဒီဂျီဟတ်ဝါဒီနဲ့ စကားပြောခြင်းဟာ သတင်းအချက်အလက် ရတနာသိုက်ကြီးဆီရောက်နိုင်တဲ့ အခွင့်အလမ်းရနိုင်တာကို ချက်ချင်းနားလည်လိုက်တယ်။ ကျွန်မ စာအရမ်းပြန်ချင်တယ်။ ဂျာနယ်လစ်အနေနဲ့ စာပြန်လိုက်ရင် လူတွေက ရိုးရိုးသားသား ပြောမှာမဟုတ်ဘူး။ အခုကိစ္စမှာဆိုရင် ကျွန်မကို စကားလာပြောတဲ့လူက ကျွန်မ ဘယ်သူလဲဆိုတာ မသိဘူး။ ဆောင်းပါးအတွက် သတင်းအချက်အလက်ရဖို့ ဒီအကောင့်ကို သုံးတာနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ ကျွန်မ ဘယ်သူဆိုတာ မသိတဲ့လူတစ်ယောက်နဲ့ စကားပြော သတင်းနှိုက်တဲ့ကိစ္စကျတော့ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြဿနာရှိလာတယ်။ ကျွန်မ ငါးမိနစ်လောက်တွေးမိတယ်။ သူ့ကျင့်ဝတ်တွေကိုလည်း သုံးသပ်လို့ရနိုင်တဲ့ အချိန်ပမာဏပေါ့။ နောက် ကျွန်မ စာပြန်လိုက်တယ်။

"ဝါလေးကွန်း ဆလမ်။ ဂျီဟတ်ဝါဒီတစ်ယောက်က ကျွန်မကို စကားလာပြောလိမ့်မယ်လို့ ထင်မထားမိဘူး။ တခြားလုပ်စရာမရှိဘူးလား။ ဟဟ (LOL) ။ တိုက်ပွဲဝင်တဲ့လူတွေနဲ့ပတ်သက်ပြီး ထင်မြင်ချက်တွေ မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် လူအပေါ်ပဲ မူတည်ပါတယ်"

ပြီးတော့ ကျွန်မက အစ္စလာမ်ဘာသာ ပြောင်းထားတာလို့ ပြောပြလိုက်တယ်။ ဒါပေမဲ့ အသေးစိတ်မပြောပြပါဘူး။ ပြီးတော့ စာရေးရင် တမင်စာလုံးပေါင်းအမှားတွေ ထည့်ရေးတယ်။ ဆယ်ကျော်သက်တွေသုံးနေကျ LOL တို့၊ LMAO တို့၊ ROFL တို့လို စကားလုံးတွေ။ ပြီးတော့ သူတို့သုံးနေကျ အတိုကောက်တွေ၊ စကားလုံးတွေ ထည့်ထည့်သုံးတယ်။ သူ့ဆီက စာပြန်လာမှာကို စောင့်နေမိတယ်။ ဗိုက်ထဲမှာတော့ ကျလိ ကျလိနဲ့၊ ကြောက်နေတာ မဟုတ်ဘူး။ အခု စကားပြောနေတဲ့ကိစ္စကို မယုံနိုင်ဖြစ်နေတာ။ တကယ့် အဖြစ်မှန်ဖြစ်ဖို့ ခဲယဉ်းတယ်။ ကျွန်မ အရင်ကလည်း မူဂျာဟစ်ဒင်တွေကို အင်တာဗျူးဖူးပါတယ်။ ဒါပေမဲ့ သူတို့က အသက်နှစ်ဆယ်ထက် မကျော်ဘူး။ ပြီးတော့ သူတို့သတ်မှတ်ထားတဲ့ ဝါဒဖြန့်စကားတွေထက်ပိုပြီး မပြောကြဘူး။ စောင့်နေရင်း


mgyoe.com

mgyoe.com

အင်တာနက်ကို လျှောက်မွှေကြည့်နေမိတယ်။ သုံးမိနစ်လောက်အကြာမှာ မက်ဆေ့အသစ် ရောက်ကြောင်း အင်တာနက်က အချက်ပြလာတယ်။

"ကိုယ့်မှာ လုပ်စရာတွေတော့ အများကြီးရှိတာပေါ့။ ဒါပေမဲ့ ဒီမှာ ည ၁၁ နာရီကျော်ပြီလေ။ ဖိုက်တာတွေက ဒီနေ့အတွက် အလုပ်ပြီးပြီလေ။ မင်းမျှဝေလိုက်တဲ့ ဗီဒီယိုနဲ့ပတ်သက်ပြီး မေးချင်တာတွေရှိလား။ ဆီးရီးယားမှာ ဖြစ်နေတာအားလုံး မင်းကိုပြောပြလို့ရတယ်။ တစ်ခုတည်းသောအမှန်တရားပေါ့။ အလ္လာအရှင်ရဲ့ အမှန်တရားပေါ့။ Skype ကနေ ဗီဒီယိုကောခေါ်ပြီး စကားပြောကြမလား။ မင်းကို ကိုယ့်ရဲ့ Skype အကောင့်နာမည် ပေးမယ်"

ဘီလယ်လ်က တဲ့တိုးပဲ။ ပြီးတော့ အမိန့်ပေးနေသလိုလိုရှိတယ်။ Skype နဲ့ကတော့ မပြောချင်ဘူး။ သူပြောလာတာကို မသိသလိုလုပ်လိုက်ပြီး နောက်တစ်ခါမှာ ပြောမယ်လို့ပြောတယ်။ အခုတော့ မယ်လိုဒီက လိုင်းပေါ်မှာ မရှိတော့ဘူး။ အဘူဘီလယ်လ်ကလည်း နားလည်တယ်။ မယ်လိုဒီကို မနှောင့်ယှက်ချင်ဘူး။ မနက်ဖြန် မယ်လိုဒီပြောချင်တဲ့အချိန် လိုင်းပေါ်မှာ ရှိနေပေးမယ်လို့ ပြောတယ်။

"မနက်ဖြန် ဟုတ်လား"

ကျွန်မ အံ့အားသင့်စွာနဲ့ မေးလိုက်တယ်။

"အင်တာနက်က ရမှာသေချာလို့လား"

"သေချာတာပေါ့။ လိုင်းပေါ်မှာ ရှိနေမယ်။ ကတိပေးတယ်"။ ပြီးတော့ တစ်မိနစ်လောက်အကြာမှာ မက်ဆေ့ရောက်လာပြန်တယ်။

"မင်း အစ္စလာမ်ဘာသာထဲ ဝင်ထားတယ်ပြောတယ်။ ဒီတော့ ဟီဂျ်ရာ လုပ်ဖို့ အဆင်သင့်ပြင်ထားသင့်တယ်။ ကိုယ် မင်းကို စောင့်ရှောက်မယ် မယ်လိုဒီ"

ပထမတော့ Skype နဲ့ပြောမယ်တဲ့။ အခုတော့ ဟီဂျ်ရာတဲ့။ အဘူဘီလယ်လ်က အချိန်တိုအတွင်းမှာ သူလိုချင်တဲ့အချက်တွေ စလာတယ်။ ဒါဟာ ကျွန်မတို့ ပထမဆုံးတွေ့တာ။ စာကလေးတစ်ကြောင်း နှစ်ကြောင်းပဲ အသွားအပြန်ရှိသေးတာ။ သူ့အနေနဲ့ ဒီကောင်မလေးဟာ အစ္စလာမ်ဘာသာထဲ ဝင်ထား


mgyoe.com

mgyoe.com SAMPLE BOOK

တယ်ဆိုတဲ့ အချက်အပြင် ဒီကောင်မလေးအကြောင်း ဘာမှ မသိဘူး။ ဒါတောင် သူက ကမ္ဘာပေါ်မှာ လူသေကျေမှုအများဆုံးနိုင်ငံကို လိုက်လာဖို့ ပြောနေပါပကော။ သူက ကောင်မလေးကို ကိုယ့်အတိတ်ဘဝ၊ ကိုယ့်အိမ်ကိုယ့်ယာ၊ ကိုယ့်မိသားစုကို စွန့်ပစ်ခဲ့ဖို့ ဖိတ်ခေါ်နေတာပါလား။ မိသားစုက ဒီလိုမျိုး ဘာသာရေးလွတ်မြောက်ရေးခရီးကို မလိုက်ချင်ရင် စွန့်ပစ်ခဲ့ဖို့ပေါ့။ ကောင်မလေးကို နယ်မြေအသစ်မှာ ပြန်လည်မွေးဖွားပြီး ဘုရားသခင်က သူ့အတွက် တံခါးတွေဖွင့်ပေးမယ့်အချိန်ကို စောင့်ဖို့ ဘီလယ်လ်က တိုက်တွန်းနေတာပဲ။ ပထမနည်းနည်း ရှောခ့်ရသွားပြီး ကျွန်မစိတ်ထဲ ခံစားမှုပေါင်းစုံ ဝင်လာတယ်။ ဘာတွေရယ်လို့တော့ မခွဲခြားနိုင်ပေမဲ့ တစ်ခုတော့ ကောင်းကောင်းသိတယ်။ အဲဒါကတော့ ရွံရှာသွားတာပဲ။ ဘီလယ်လ်က အားနည်းတဲ့လူတွေကို ပစ်မှတ်ထားနေတာ။ သူ့ငါးစာကိုဟပ်မိတာ။ သူနဲ့ တခြားအစ္စလာမ်နိုင်ငံ (IS) ကလူတွေဟာ သူတို့ငါးစာကို ဟပ်မိတဲ့လူတွေကို စီဒီအခွေတစ်ခွေကို တခြားဒေတာတွေ မထည့်ခင် အရင်ရှိပြီးသားတွေအားလုံးကို ဖျက်ပစ်လိုက်သလိုမျိုး အဲဒီလူတွေရဲ့ အတိတ်အကြောင်းတွေကို ဖျက်ပစ်ဖို့ အစွမ်းကုန်ကြိုးစားကြတော့တယ်။ ဒီလိုလုပ်တဲ့ဟာတွေ၊ သူ ပစ်မှတ်ထားသိမ်းသွင်းခဲ့တဲ့ မိန်းကလေးငယ်တွေအကြောင်း တွေးမိပြီး ဒေါသထွက်မိတယ်။ မယ်လိုဒီလိုမိန်းကလေးတွေကို ပစ်မှတ်ထားတာဟာ အရမ်းလွယ်တယ်။ ပြီးတော့ အတော်မတရားတဲ့ကိစ္စလည်းဖြစ်တယ်။ ကျွန်မအနေနဲ့ ဒီလိုကလေးမမျိုး ထောင်ချီပြီးတွေ့ဖူးတယ်။ သူတို့ ငယ်ဘဝ မတည်ငြိမ်ခဲ့ကြရှာဘူး။ ပညာလည်း ကောင်းကောင်းမသင်ခဲ့ကြရဘူး။ လမ်းညွှန်အုပ်ထိန်းမှုတွေလည်း မရခဲ့ရှာကြဘူး။ သည်တော့ ကောလာဟလတွေကို ယုံတတ်ကြတယ်။ ကောင်လေးတွေလည်း ဒီလိုပဲ။ ကျွန်မ တော်တော်ကြီးကို ဒေါသထွက်မိတယ်။ လူချင်းသာတွေ့ရင် သူ့မျက်ခွက် လက်သီးနဲ့တောင် ပြေးထိုးချင်တယ်။

ကျွန်မ ဘာတွေထဲ ဝင်ပါမိပါလိမ့်။ ဒီဇာတ်လမ်းက နည်းနည်းရှည်မယ်လို့တော့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အခု စာရေးနေတဲ့အချိန် နောက်ခြောက်လလောက်အထိ အဘူဘီလယ်လ်က ကျွန်မဘဝအပေါ် ဆက်ပြီးသက်ရောက်မှု


mgyoe.com

mgyoe.com

ရှိနေဦးမယ်လို့တော့ မတွေးခဲ့မိရိုးအမှန်။ အခုလောလောဆယ်တော့ ကျွန်မ တွေးမိတာကတော့ ဒီအကြမ်းဖက်သမားဆီက သတင်းအချက်အလက်တွေ လိုချင်ရင်တော့ မယ်လိုဒီဆိုတဲ့ မိန်းကလေး တကယ်တည်ရှိဖို့လိုတယ်။ စပိုင် ဇာတ်လမ်းတွေထဲကလိုပဲ မယ်လိုဒီအတွက် ဇာတ်လမ်းတစ်ပုဒ် ဖန်တီးဖို့လိုတယ်။ သူ့ဇာတ်လမ်းကို ယုံလောက်အောင်ဖန်တီးမယ်။ အဆုံးမှာ စတေးရင်လည်း စတေးရမယ်ပေါ့။ ဂျီဟတ်ဝါဒမှိုင်းမိနေတဲ့ ကျွန်မတွေ့ဖူးတဲ့ ကလေးတွေရဲ့ စရိုက် ပုံစံကလေးတွေကို မယ်လိုဒီရဲ့ဇာတ်ကောင်မှာ သွင်းပေးလိုက်တယ်။ မယ်လိုဒီဟာ နိုရာ၊ ကလာရာ၊ လိုင်လာ၊ အယ်လိုဒီ၊ ဘွန်ညီအစ်ကို၊ ကရင်မ်နဲ့ သူ့သူငယ်ချင်း တို့ရဲ့ပုံစံတွေ ပေါင်းစပ်ထားတဲ့လူပေါ့။ သူတို့မိသားစုဝင်တွေဟာ ကိုယ့်သားသမီး အသက်ရှင်နေသေးတယ်ဆိုတဲ့ သက်သေကလေးရအောင် တူရကီနဲ့ဆီးရီးယား နယ်စပ်အထိ သွား၊ ပြီးတော့ အများစုက လက်ဗလာနဲ့ ပြန်လာခဲ့ကြရသူတွေပေါ့။ သူ့အသက်အရွယ်အရ အတွေ့အကြုံတွေရှိတယ်လို့ ယူဆရတဲ့ ဒီလူနဲ့ စာအဆက် အသွယ်စလုပ်ရင် သူလည်း အသုံးဝင်တဲ့ သတင်းအချက်အလက်တွေပေး လောက်တယ်။ မစွန့်စားရင် ဘာမှရမှာမဟုတ်ဘူး။ ပြီးတော့ ကျွန်မမှာလည်း အဖြေမရသေးတဲ့ မေးခွန်းတွေအများကြီးရှိတယ်။ ကျွန်မရတဲ့ အဖြေမှန်သမျှဟာ နောင်မှာရေးမယ့် သတင်းတွေ၊ ဆောင်းပါးတွေအတွက် တန်ဖိုးရှိလာမှာ။ ဒီပရော ဂျက်ကို မနုဿဗေဒ လေ့လာမှုတစ်ခုအနေနဲ့ လုပ်လိုက်တယ်။ အခုလောလော ဆယ်တော့ ညလည်း အချိန်နှောင်းပြီ။ ပြီးတော့ ကျွန်မလည်း အဘူဘီလယ်လ် အကြောင်း မတွေးချင်တော့ဘူး။

ကျွန်မရည်းစားလည်း မကြာခင်ရောက်လာတော့မယ်။ ဒီည သူ့တိုက် ခန်းမှာ အိပ်မယ်လို့ သူ့ကို ဖုန်းဆက်ပြောထားတယ်။ ညနေခင်းကို ဘယ်လို ကုန်ဆုံးခဲ့တယ်ဆိုတာ မပြောပြဖြစ်ဘူး။ သူ့ဘေးမှာပဲ အိပ်နေချင်တယ်ဆိုတာပဲ ပြောခဲ့တယ်။

✠

mgyoe.com

**စနေနေ့မနက်**

ကျွန်မရည်းစားမီလန်က ကျွန်မကို ကုတ်အအေးဘူးတစ်ဘူးရယ်၊ Le Monde ကထုတ်တဲ့ အပတ်စဉ်မဂ္ဂဇင်း အမ်ရယ်၊ သူ့အိုင်ပက်ရယ်ကို ပေးတယ်။ ကုတ်က ကျွန်မ မနက်ခင်းသောက်တဲ့ ကော်ဖီပဲ။ သတ်မှတ်ချိန်မှာ အရွယ်ရောက်ပြီးသူတွေသောက်တဲ့ သောက်စရာတွေ မသောက်တတ်ဘူး။ မီလန်က ကျွန်မလုပ်နေကျအရာတွေကိုသိတယ်။ ပြီးတော့ သူ့တက်ဘလက်ကလည်း မယ်လိုဒီရဲ့ ဖေ့စ်ဘွတ်အကောင့်နဲ့ ချိတ်ထားတယ်။ ဒါမှ ကျွန်မလည်း မယ်လိုဒီရဲ့ဖေ့စ်ဘွတ်အကောင့် News Feed မှာ ဘာတွေတက်နေသလဲ သိနိုင်မယ်။ ကျွန်မတို့အိပ်နေတုန်း ဆီးရီးယားမှာ အဘူဆော်လေမန် (နာမည်ပြောင်း) ဆိုတဲ့လူငယ်တစ်ယောက် သေသွားတယ်။ သူက ပြင်သစ်နိုင်ငံအရှေ့မြောက်ပိုင်းက အယ်လ်စ်ဒေသက။ သူ့အလောင်းရယ်၊ သူ့မျက်နှာပေါ်ကအပြုံးရယ်ကို ဝိုင်းပြီး မျှဝေမှတ်ချက်ပေးထားကြတယ်။ မီလန်က ကျွန်မကို ထွေးပွေ့လိုက်ပြီး ကော်ဖီကို တစ်ကျိုက် သောက်လိုက်တယ်။ ပြီးတော့ ကျွန်မကို ချစ်တဲ့မျက်လုံးတွေနဲ့ကြည့်ပြီး ခေါင်းယမ်းရင်း "ကြာဦးမှာလား"လို့ သူကမေးလိုက်တယ်။ ကျွန်မ ပြုံးပြလိုက်ပြီး သူ့ကို နမ်းလိုက်တယ်။ သူက ပြင်သစ် ရုပ်ရှင်မဂ္ဂဇင်းတစ်ခုကို လှန်လှောနေတယ်။ ကျွန်မကတော့ 'အာဇာနည်'လို့ သူတို့ခေါ်နေတဲ့ အဲဒီလူအကြောင်း မှတ်ချက်တွေကို လိုက်ဖတ်နေတယ်။ ထူးထူးခြားခြားမရှိ၊ သူတို့အပြောတော့ ဆူလေမန်က ကောင်းရာမွန်ရာ ရောက်သွားပြီ၊ ဘုရားသခင်က သူ့ကို ဂုဏ်ယူတယ်။ ပြီးတော့ ကျွန်မတို့အားလုံးလည်း ဒီတိုက်ပွဲမှာ တိုက်ပွဲဝင်ရင်း အသက် ၂၁ နှစ်နဲ့ သေဆုံးသွားတဲ့ သူ့ကို ဂုဏ်ယူသင့်သတဲ့။

တခြားအကြောင်းအရာတွေက ကျွန်မကို ပိုပြီး စိတ်ဝင်စားစေတယ်။ IS ခေါင်းဆောင် အဘူဘာကာအယ်ဘာဒါဒီတစ်ယောက် ဂျဘက်အယ်နာ့စ်ရာ အဖွဲ့ရဲ့ ချုံခိုတိုက်ခိုက်မှုကြောင့် အသက်ဘေးကနေ သီသီကလေး လွတ်လာခဲ့သတဲ့။ အယ်နာ့စ်ရာတပ်ဖွဲ့လို့လည်းခေါ်တဲ့ အဲဒီအဖွဲ့ဟာ ဆီးရီးယားက အယ်ကိုင်ဒါအဖွဲ့နဲ့ ဆက်စပ်နေတဲ့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေထဲက

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုပါပဲ။ ဒီအဖွဲ့ကို ISIS ၊ အီရတ်နဲ့ အယ်လ်ရှန်က IS တွေနဲ့ မှားတတ်ကြတယ်။ သူတို့အဖွဲ့တွေဟာ အရင်တုန်းက သင့်သင့်မြတ်မြတ်ဖြစ်ခဲ့ပေမဲ့ အခု မဟုတ်တော့ဘူး။ သူတို့ရည်မှန်းချက်တွေ၊ ရန်သူတော်တွေက မတူကြဘူး။ အယ်ကိုင်ဒါရဲ့ ရန်သူက အနောက်နိုင်ငံတွေ။ ISIS ကျတော့ အီရတ်နဲ့ဆီးရီးယားအကြား တစ်နေရာမှာ ဆွန်နီအစ္စလာမ္မစ်နိုင်ငံ တည်ထောင်ချင်တာ။ ISIS ရဲ့ ရည်ရွယ်ချက်က ရှီးယိုက်မွတ်ဆလင်တွေနဲ့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေတဲ့ လူတွေအားလုံးရဲ့ ပါဝါတွေကို ချေမှုန်းပစ်ချင်တာ။ နိုင်ငံကိုအုပ်ချုပ်နေတဲ့ လူနည်းစု အလာဝိုက်မွတ်ဆလင်တွေကနေစပြီး ချေမှုန်းမယ်ပေါ့။ ပြီးရင် အီရတ်က ရှီယိုက်မွတ်ဆလင်တွေရဲ့ ပါဝါကို ချေမှုန်းမယ်။ အလယ်ခေတ်ကိုပြန်သွားမယ်။ အစ္စလာမ် အအောင်မြင်ဆုံးကာလပေါ့။ ပြီးရင် လက်နက်သုံးပြီး နယ်မြေတွေကို သိမ်းမယ်။ ဒါဟာ IS ရဲ့ ရည်မှန်းချက်နဲ့ လုပ်ဆောင်မယ့်နည်းလမ်းတွေ။ အယ်ကိုင်ဒါကလည်း ဒီလို အိုင်ဒီယာမျိုးကို ဆုပ်ကိုင်တယ်။ ဒါပေမဲ့ ပထမဆုံး အနောက်နိုင်ငံတွေရဲ့ ပါဝါကို ချေမှုန်းမယ်ပေါ့။ ၂၀၀၁ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုတွေနဲ့ သူ့အင်အားကိုပြတယ်။ ရှင်းရှင်းပြောရရင် ISIS က ဘာသာတူပေမဲ့လည်း သူတို့နဲ့ အယူအဆမတူတဲ့လူတွေကို သူ့ပိုင်နက်ထဲက ရှင်းပစ်ဖို့လုပ်ပြီး အယ်ကိုင်ဒါကတော့ မယုံကြည်သူတွေကို ပစ်မှတ်ထားတယ်။

ဂျီဟတ်ဝါဒီတစ်ယောက်ကို အင်တာဗျူးခွင့်ကြုံတိုင်း ကျွန်မမေးလေ့ရှိတာကတော့ သူတို့အဖွဲ့အနေနဲ့ ရည်မှန်းချက်တွေ ပေါက်မြောက်ပြီး အရှေ့အလယ်ပိုင်းဒေသကို သိမ်းပိုက်မယ့်အပေါ် သူ့ရည်မှန်းချက် ဘယ်လိုရှိလဲ မေးတာပဲ။ ပြန်ရတဲ့အဖြေက အတူတူလိုမျိုးဖြစ်တတ်တယ်။ "IS က အရင်ဆုံး အမေရိကန်ကို စစ်ခင်းမယ်။ ပြီးရင် အမေရိကန်က လူတွေကို ဘုရားသခင်ကို ယုံကြည်ခိုင်းမယ်။ ပြီးရင် နယ်နိမိတ်တွေအားလုံးကို ဖျက်ပစ်မယ်။ အဲဒီအခါမှာ ကမ္ဘာကြီးဟာ ရှားရီးယားဥပဒေသအောက်မှာ အစ္စလာမ္မစ်နိုင်ငံတော် ဖြစ်လာလိမ့်မယ်"တဲ့။ သူတို့လိုချင်တဲ့နယ်မြေကို တည်ထောင်ခြင်းအားဖြင့် ISIS တွေဟာ


mgyoe.com

mgyoe.com
SAMPLE BOOK


အောင်မြင်မှုရှိခဲ့ပြီး အယ်ကိုင်ဒါကတော့ အောင်မြင်မှုမရခဲ့ဘူး။ အယ်ကိုင်ဒါဟာ ကမ္ဘာတစ်ဝန်းမှာ သူ့ကွန်ရက်တွေ တည်ဆောက်ပြီး ISIS က စစ်တိုက်ခဲ့တယ်။ မူဝါဒတွေ ချမှတ်တယ်။ ယုံကြည်မှုအစွန်းရောက်တဲ့ စစ်တပ်ကို ဆီးရီးယားမှာ တရားဝင်၊ အီရတ်မှာ တရားမဝင် တည်ဆောက်ခဲ့တယ်။ အစပိုင်းမှာ ISIS တပ်ဖွဲ့ထဲမှာ အီရတ်ကို အမေရိကန်ကျူးလွန်တဲ့ကိစ္စကို မခံမရပ်နိုင်တဲ့ ဆွန်နီတွေ ပါခဲ့တယ်။ နောက်တော့ နိုင်ငံခြားသား အကြမ်းဖက်သမားတွေ ထောင်ချီ ဝင်လာတယ်။ တစ်ဖက်မှာလည်း ဒီအဖွဲ့ဟာ သူတို့အနှစ်သက်ဆုံးလက်နက်ကို ထိရောက်သထက် ထိရောက်အောင် လုပ်နေကြတယ်။ အဲဒါကတော့ ဒီဂျစ်တယ် ဝါဒဖြန့်ခြင်းပဲ။ ဂူထဲက အာဖဂန်သားတွေရဲ့ပုံက သိပ်မဆွဲဆောင်နိုင်တော့ဘူး။ ဂျီဟတ်ဝါဒ ၂.၀ (ဝါ) ဂျီဟတ်ဝါဒသစ်ရဲ့ ဆက်သွယ်ရေး မဟာဗျူဟာက ပစ်မှတ်ကိုထိတယ်။ IS တွေဟာ မကြည့်ရက် မမြင်ရက်လောက်အောင် ကြမ်းတမ်းရက်စက်တဲ့ ဗီဒီယိုတွေကို ယူကျူမှာ အများကြီးတင်ပစ်တယ်။ ဒီဗီဒီယိုတွေဟာ သူတို့ပြောတဲ့ ခြိမ်းခြောက်မှုကို မြန်မြန်ဆန်ဆန် တကယ်လုပ်ပြတဲ့ အပေါ် လန့်သွားတဲ့ အနောက်နိုင်ငံသား ထောင်ပေါင်းများစွာရဲ့ ခေါင်းထဲ စွဲသွားတယ်။ ကတိဆိုတာ ယုံတဲ့လူကိုတော့ ဖမ်းစားနိုင်တာပဲလို့ ဆိုကြတယ်။ ဝမ်းနည်းစရာပါပဲ၊ ဒီစကားဟာ ငယ်ငယ်ရွယ်ရွယ် ဂျီဟတ်ဝါဒီကလေးတွေအတွက် သွားမှန်နေတယ်။ **လူတွေအာရုံစိုက်တာသိပ်ခံချင်လွန်းတဲ့ အများစုဟာ စစ်သားလို ဝတ်စားပြီး ပုံရိုက်တင်ချင်လို့ ရှေ့တန်းဆီထွက်သွားကြတယ်။ အဲဒီမှာဆိုရင် သူတို့ဟာ လူတွေ သတိထားမိတာခံရမယ်၊ အရေးပါတဲ့လူလို့ ခံစားရမယ်လို့ ယုံကြည်ကြတယ်။ ပြီးတော့ သူတို့လုပ်တာတွေ ဖေ့စ်ဘွတ်နဲ့ တွစ်တာမှာ တင်နိုင်မယ်ပေါ့။ ၁၉၆၈ တုန်းက အန်ဒီဝါဟိုးလ်ပြောခဲ့တဲ့ ''အနာဂတ်မှာဆိုရင် လူတိုင်းဟာ ၁၅ မိနစ်အတွင်း ကမ္ဘာကျော် ဖြစ်သွားနိုင်တယ်'' ဆိုတဲ့စကားက မှန်တုန်းပဲ။**

ကျွန်မက ၁၉၈၀ ဝန်းကျင်နှစ် အစောပိုင်းမှာမွေးတာ။ အဲဒီတုန်းက ဘာသာရေးဆိုတာ လူငယ်တွေအတွက် ပြဿနာဖြစ်နေပြီ။ ဒါပေမဲ့ တချို့


mgyoe.com

mgyoe.com

လူတွေ ဂျီဟတ်ဝါဒီတွေ ဖြစ်လာခဲ့သည့်တိုင် အခုခေတ်လို ရှုးကြောင် မှုးကြောင် တွေလုပ်လောက်အောင် တွန်းအားမပေးနိုင်သေးဘူး။ အခုခေတ်မှာတော့ ဂျီဟတ် လောင်းလျာလေးတွေဟာ ငွေကြောင့်၊ သေနတ်ကြောင့်၊ မူးယစ်ဆေးကြောင့် မဟုတ်ဘူး။ သူတို့က သူတို့လေးစားခံချင်တာ။ လူတွေ သတိထားမိတာကို ခံချင်တာ။ "ဟီးရိုးကြီးတွေ" ဖြစ်ချင်ကြတယ်။ ဂိမ်းဆော့၊ ရပ်ကွက်ထဲမှာ ဆရာကြီးဖြစ်ချင်တာက သတ်သတ်။ စစ်တိုက်၊ နိုင်ငံထောင်ဆိုတာက သီးခြား။ ဒါပေမဲ့ ဂျီဟတ်ဝါဒီဆိုတာကလည်း တစ်မျိုးမက ရှိနေတယ်။ အခုနောက်ပိုင်း တွေ့လာရတဲ့ အရှေ့အလယ်ပိုင်းကို ပြောင်းရွှေ့ကြတဲ့ လူငယ်လေးတွေကိစ္စ မှာတော့ စုစည်းမှုနဲ့ အစွန်းရောက်မှုတွေပါတယ်။ အင်တာနက်ပေါ်မှာ သူ့ဖြစ် တည်မှုနဲ့ ပတ်သက်ပြီး အဖြေတွေ့သွားပြီလို့ထင်တဲ့ နော်မန်ဒီက ကလေးမလေး အကြောင်း တွေးနေမိတယ်။ သီတင်းပတ်အနည်းငယ်အကြာမှာတော့ ခရစ်ယာန် ဘာသာကနေ အစ္စလာမ်ထဲ ပြောင်းထားတဲ့ အဲဒီကလေးမလေးဟာ အစ္စလာမ် အကြမ်းဖက်သမားတွေနဲ့အတူ တိုက်ပွဲဝင်ဖို့ ထွက်သွားတယ်။ ကျွန်မဖန်တီး ထားတဲ့ဇာတ်ကောင် မယ်လိုဒီဟာလည်း ဒီလို အရမ်းထိခိုက်လွယ်တဲ့ မိန်းကလေး လို့ဖန်တီးမယ်။ တခြားလူတွေက သူ့ကို လှမ်းမိုးတာဟာ ဘဝရည်ရွယ်ချက်လို့ ထင်တဲ့ပုံစံမျိုး ဖန်တီးမယ်။ ဘယ်ခေတ်၊ ဘယ်သမိုင်းမှာ ကြီးပြင်းခဲ့သည်ဖြစ်စေ တခြားလူငယ်များစွာလိုပဲ သူဟာ ဘဝမှာ ဆောက်တည်ရာမဲ့ လမ်းပျောက်နေတဲ့ သူပေါ့။

အဲဒီည

မီလန်ကတော့ အိပ်ပျော်လို့။ သူ့အိပ်ခန်းက အေးဆေးတိတ်ဆိတ် ဆိတ်ငြိမ်လို့။ ကျွန်မကတော့ အိပ်မပျော် တလူးလူး တလွန့်လွန့်။ ခန်းဆီးတွေ ဖွင့်ထားတော့ လမ်းမီးတွေက အိပ်ခန်းထဲကို ကဗျာဆန်ဆန်ပြန့်ကျဲလို့၊ မြင်နေကျ၊ တွေ့နေကျ မြင်ကွင်းဟာ ကျွန်မရဲ့ အိပ်မပျော်ခြင်းတွေကို အဖော်ပြုပေးနေတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ကျွန်မဦးနှောက်ထဲက တဖွားဖွားထွက်ကျနေတဲ့ မေးခွန်းတွေကိုတော့ ငြိမ်ကျသွားအောင် မစွမ်းဆောင်နိုင်။

ကျွန်မ အသာအယာကလေး အိပ်ရာထဲက ထွက်လိုက်တယ်။ မီလန်ကတော့ ကလေးတစ်ယောက်သဖွယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့။ မသိစိတ်က ကျွန်မကို ညေ့ခန်းဆီ ဆွဲခေါ်သွားတယ်။ ကွန်ပျူတာ စခရင်နောက်မှာ ပိတ်မိနေတဲ့ နတ်ဆိုးတစ်ကောင်ဆီကိုပေါ့။ ကျွန်မဆီကို မက်ဆေ့သုံးစောင် အသစ်ရောက်နေတယ်။ ကျွန်မအနေနဲ့ အဲဒီလောက် မက်ဆေ့တွေများမယ် မထင်ထားမိဘူး။ ကျွန်မ စီးကရက် မီးညှိလိုက်တယ်။ သူက ပထမမက်ဆေ့ကို ဆီးရီးယားစံတော်ချိန် နေ့လယ် ၂ နာရီခွဲမှာ ပို့ထားတာ။ စစ်တိုက်နေတဲ့လူတစ်ယောက်က ဒီအချိန်ကြီး ပို့တာ အံ့ဩစရာ။ သူ ရှေ့တန်းမှာ ရှိနေမှာပေါ့။ ဒါမှမဟုတ် တခြားနေရာမှာလည်း ရှိနေနိုင်တယ်။ နေ့ခင်းကြောင်တောင် ကောင်မလေးတစ်ယောက်ကို အင်တာနက်ဆိုင်ကတော့ စာပို့ပြီး ကြောင်နေတယ်ဆိုတဲ့ အတွေးနဲ့ အံ့အားသင့်နေတယ်။

"ဆလမ်မာလေးကွန်း ညီမလေး။ နေကောင်းရဲ့လား။ မင်း စကားပြောချင်တယ်ဆိုရင် ကိုယ်ရှိနေတယ်လို့ ပြောမလို့။ ကိုယ်ရှိနေမယ်"

ရှိနေမယ်။ ဘယ်မှာရှိနေမှာလဲ။ ကိုယ့်မေးခွန်းကိုယ် ပြန်ပြီးမသုံးသပ်ရသေးခင် သူ့နောက်မက်ဆေ့က ကျွန်မအာရုံကို ဖမ်းစားလိုက်တယ်။

"မင်း လိုင်းပေါ်မှာ ဘယ်အချိန်ရှိမလဲ။ မင်းနဲ့ အရမ်းစကားပြောချင်တယ်"

"မင်းအတွက် အထူးအံ့ဩစရာလက်ဆောင်ရှိတယ်၊ မာရှာအလ္လာ"

သူပြောတဲ့ "အံ့ဩစရာလက်ဆောင်"ဆိုတာက လက်နက်ကိရိယာအပြည့်အစုံနဲ့ သူ့ပုံကြီးပါ။ ခပ်လန်းလန်းပေါ့။ M4 ရိုင်ဖယ်ကြီးကို ကန့်လန့်ဖြတ်ကိုင်ထားလို့။ IS တံဆိပ်ရိုက်ထားတဲ့ ခေါင်းစည်းကို နဖူးမှာစည်း၊ ရင်ကော့ပြီး ပြုံးပြုံးကြီးရပ်လို့။ ဒီပုံက အမှန်ဆိုတာကို မယုံနိုင်ဘူးဖြစ်နေတာ။ သူက ကျွန်မကို သိတောင်မသိဘူး။ တကယ်လို့ ကျွန်မက မယ်လိုဒီအယောင်ဆောင်ထားတာဆိုရင်၊ တကယ်လို့ ကျွန်မက ရဲဖြစ်နေရင်၊ တကယ်လို့ ကျွန်မက သတင်းအရင်း


mgyoe.com

mgyoe.com

SAMPLE BOOK


အမြစ် ခိုင်ခိုင်မာမာလိုချင်နေတဲ့ ဂျာနယ်လစ်ဆိုရင် ဘယ်လိုလုပ်မလဲ။ သူက ဒီကိစ္စတွေကို စိတ်မပူ။ သူကတော့ သူ့ဟာသူ အပိုင်လို့တွက်ထားတာ ထင်ရှားတယ်။ သူ့မက်ဆေ့တွေရဲ့လေသံကိုကြည့်ရင် သူ့အနေနဲ့ အခုမိထားတဲ့ ငါးကို အလွတ်ခံမယ့်ပုံမပေါ်။ သူက ဒီလိုလုပ်နေကျလား။ မနက် ၄ နာရီလောက် ရှိနေပြီ၊ ကျွန်မက အဖြေရှာတုန်း။ အခုလောလောဆယ်တော့ ကျွန်မမှာ မေးခွန်းတွေသာ တိုးတိုးလာတယ်။

လူတွေက ဂျာနယ်လစ်တွေကို အရိုးရှာနေတဲ့ခွေးတွေနဲ့ နှိုင်းတတ်ကြတယ်။ ဝန်ခံရရင်တော့ အခုလောလောဆယ်မှာ လူသတ်သမားရဲ့စိတ်ထဲကို နှိုက်ရမယ်ဆိုတဲ့အတွေးနဲ့ စိတ်လှုပ်ရှားနေမိတာ အမှန်။ ဘာသာတရား ယုံကြည်သူတွေကို လေးစားတယ်။ ဘာသာတရား ယုံကြည်မှုက သူတို့ကိုပေးတဲ့အင်အားတွေအပေါ် မနာလိုဖြစ်မိတယ်။ ဘဝမှာ မရှောင်လွှဲနိုင်တဲ့ အခက်အခဲတွေကို ကြုံလာတဲ့အခါ ယုံကြည်မှုဆိုတာ တန်ဖိုးရှိတဲ့ အင်အားအကူအညီပေပဲ။ ဒါပေမဲ့ လူတွေဟာ လူသတ်မှုကျူးလွန်ဖို့ ဘာသာရေးကို အကြောင်းပြတဲ့အခါမှာတော့ ကျွန်မ အန်နာကတော့ တခြားလူတစ်ယောက်ဖြစ်သွားတယ်။ အနည်းဆုံးတော့ ဒီဂျစ်တယ်အရပေါ့လေ။ ကျွန်မ မယ်လိုဒီဟန်ဆောင်ရတာရဲ့ အကြောင်းရင်းပေါ့။ တချို့ကတော့ ကျင့်ဝတ်စံနှုန်းနဲ့တိုင်းပြီး ကျွန်မ နည်းလမ်းကို ကန့်ကွက်ကောင်း ကန့်ကွက်လိမ့်မယ်။ ဒါပေမဲ့ ဒီအကြမ်းဖက်အဖွဲ့အစည်းအနေနဲ့ လူသစ်တွေ ရနိုင်သမျှ များများဆွဲသွင်းဖို့ အစွမ်းကုန်ကြိုးစားနေတဲ့ အခုလိုအချိန်မှာ ကျွန်မ အနေနဲ့လည်း ကျင့်ဝတ်တွေ ဘေးချိတ်ထားလိုက်တယ်။ အဘူဘီလယ်လ်ဟာ ကျွန်မဆောင်းပါးရဲ့ အဓိကအကြောင်းအရာဖြစ်မှာ မဟုတ်ဘူး။ သူပြောတဲ့ဟာတွေကို သုံးသပ်မယ်။ တကယ့်အချက်အလက်နဲ့ လုပ်ကြံထားတာတွေကို ခွဲခြားကြည့်မယ်။ IS ထဲမှာ လူဘယ်နှယောက်ရှိလဲ၊ ပြင်သစ်ဘယ်နှယောက်ရှိလဲ၊ ဥရောပသား ဘယ်နှယောက်ရှိလဲ၊ အမျိုးသမီးတွေကကော ဘုရားသခင်အမှုတော်ထမ်းတဲ့အနေနဲ့ တကယ်ပဲ ဂျီဟတ်တွေကို ပြုစုပေးနေကြတာလား။ သူတို့ကော လက်နက်ကိုင်ကြလား။ အဘူဘီလယ်လ်က ဘာသာရေးအကွဲအပြဲ ဗရုပ်ပွနဲ့ နိုင်ငံ


mgyoe.com

mgyoe.com SAMPLE BOOK

ထဲက အားနည်းသူတွေ၊ ကူကယ်မဲ့သူတွေကို ဒုက္ခပေးနေချိန်မှာ တစ်ဖက်မှာလည်း ကျွန်မကို သူ့ဘာသာရေးလွှမ်းမိုးမှုဆီ ဆွဲသွင်းနေတယ်။ သူ ဦးဆောင်ပြီးလုပ်နေတဲ့ သွေးထွက်သံယိုများတဲ့ ပဋိပက္ခတွေအကြောင်း ကျွန်မကို ပြောပြလာအောင် လုပ်နိုင်ပါ့မလား။

ဒီလိုနဲ့ မိုးလင်းလာတယ်။ ကျွန်မလည်း အင်တာနက်ဝက်ပါထဲမှာ အဘူဘီလယ်လ်ရဲ့အကြောင်းကို ရနိုင်သမျှရအောင် ရှာကြည့်တယ်။ မူဂျာဟစ်ဒင်တွေနဲ့ လူသစ်ဖြစ်လာနိုင်တဲ့လူတွေအကြား ပြောနေကြတာတွေတွေ့တယ်၊ ဒါပေမဲ့ ဘာမှ ရေရေရာရာ ကောက်ချက်ချနိုင်တာမျိုး မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် အီရတ်နယ်စပ်နဲ့ မိုင်သုံးရာတောင်မဝေးတဲ့ ဆီးရီးယား၊ ဒီယာ အက်ဇ်ဇောဒေသမှာ အရေးကြီးတိုက်ပွဲတစ်ပွဲ ဖြစ်သွားတာကို သိလိုက်ရတယ်၊ အီရတ်ဆိုတာကလည်း ဆက်ဒမ်ဟူစိန် တစ္ဆေအခြောက်ခံနေရတုန်း။ အမေရိကန်ကျူးကျော်မှု တစ္ဆေအခြောက်ခံနေရတုန်း။ ပုံမှန်ဆိုရင် ကျွန်မကို စိတ်ဝင်စားစေမယ့် အပြန်အလှန်ပြောနေတာကို တွေ့ခဲ့တယ်။ "သူတို့ကို အမှုန့်ခြေပစ်ခဲ့မယ်။ အဖြစ်အပျက်တစ်ခုလုံးကို ဗီဒီယိုရိုက်ထားတယ်။ ဒါပေမဲ့ အယ်ဘာဒါဒီနဲ့ သူ့လူတွေက ဒီဟာက အယ်နာ့စ်ရာရဲ့ ထောင်ခြောက်လို့ သံသယဝင်နေတာ။ ဒီတော့ အိမ်ထဲက မထွက်ဘူး။ ဂူတုန်းကိုခေါ်လိုက်။ သူက အဲဒီလူတွေနဲ့ အတူရှိနေတာ"တဲ့။ အယ်ဘာဒါဒီကိုသိတာကြာပြီ။ ISIS ရဲ့ ခေါင်းဆောင်ပေါ့။ ဒါပေမဲ့ အဲဒီညမှ ဘီလယ်လ်အကြောင်း ဘာသတင်းအချက်အလက်မှ ရှာမတွေ့ဘူး။ ကျွန်မက ဂူတုန်းကို စိတ်ဝင်စားသွားတယ်။ သူ့ကို ကောင်းကောင်းသိတယ်။ အသက်က ၂၂၊ ၂၃ အရွယ်။ ပြင်သစ်နိုင်ငံ မာဆေးမြို့မှာ မွေးတာ။ ISIS ကို မဝင်ခင် ဗြိတိန်မှာနေဖူးတယ်။ မကြာခင်ရာထူးတွေတက်သွားတယ်၊ IS အဖွဲ့ရဲ့ ဒီဂျစ်တယ် ဝါဒဖြန့်ချိရေး လှုပ်ရှားမှုအတွက် အရေးပါတဲ့လူဖြစ်လာစေတဲ့ အရည်အချင်းသုံးခု သူ့မှာရှိတယ်။ တစ် ချောတယ်၊ နှစ် သူ့ဘာသာအကြောင်း အလွတ်ရတယ်၊ သုံး ဘာသာစကား လေးမျိုးနဲ့ ဟောပြောနိုင်တယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်မနဲ့ ကျွန်မလုပ်ဖော်ကိုင်ဖက်တွေက သူ့ကို 'ကိုထင်ပေါ်'လို့ နာမည်ပြောင်ပေးထားတယ်။ ကျွန်မတို့ သတင်းအချက်အလက်လိုချင်ရင် သူ့ဆီမှာရနိုင်တယ်။ သူက အမြဲ ကူညီချင်တယ်။ ဂူတုန်းက ကျွန်မကို နာမည်ရင်း အန်နာအနေနဲ့သိတယ်။ သူနဲ့ အကြိမ်ကြိမ် စကားပြောဖူးတယ်။ အဗစ်ဂ်နွန်က ၁၅ နှစ်သမီးကလေး နိုအာနဲ့ပတ်သက်ပြီး မတ်လကပဲ သူနဲ့စကားပြောဖူးတယ်။ နိုအာက IS ထဲသွားဝင်တာ မဟုတ်ဘဲ အယ်နုဲစ်ရာတပ်ထဲ သွားဝင်တာလို့ မိသားစုကပြောတယ်။ ဂူတုန်းက အဲဒီအချက်ကို အတည်ပြုပေးသလို ကလေးမ ဘယ်မှာရှိသလဲဆိုတာကိုလည်း အတည်ပြုပေးတယ်။

ဂူတုန်းက သူနဲ့ ISIS ရဲ့ ဆက်နွှယ်မှုကို ဖေ့စ်ဘွတ်မှာ ဗီဒီယို ခဏခဏ တင်ပြီးကြွားတယ်။ ဆေးရုံတွေမှာ ဒဏ်ရာရ ဂျီဟတ်တွေကို သွားကြည့်နေတာ၊ ပြင်သစ်နဲ့ တူရကီတွေကို လှောင်နေတာ၊ တူရကီနယ်စပ်မှာ လက်နက်အပြည့် အစုံဝတ်ပြီး စားသောက်ပွဲရောက်နေတာ၊ ဆီးရီးယားနိုင်ငံ၊ ရက်ကာမြို့က အောင်ပွဲရလမ်းတွေပေါ်မှာ အောင်ပွဲခံနေတဲ့ ဂျီဟတ်တွေကို လက်ဇော့ယမ်း နှုတ်ဆက်နေတာ စသဖြင့်ပေါ့။ ဂူတုန်းက မယုံနိုင်လောက်အောင် နာမည် ကြီးတယ်။ သူ့ဖေ့စ်ဘွတ်ပို့စ်တွေဟာ ဥရောပတစ်ခွင်က ဆယ်ကျော်သက်ကလေး တွေကို သွားရည်ကျစေတယ်။ သူက ဘုရင်တစ်ပါးလို နေရတယ်လို့ ဆိုတယ်။ ခြေမကအစ ခေါင်းအဆုံး နာမည်ကြီးအမှတ်တံဆိပ်တွေကို ဝတ်တယ်။ သူ့ဖြစ်တည်မှုကြောင့် သူ့ကိုလေးစားကြတယ်။ သူ့မျက်နှာပေါ်မှာ အပြစ်ကင်းတဲ့ အပြုံးကအမြဲရှိနေတယ်။ ဒါသည်ပင် သူ့ရဲ့အမှတ်အသား။ အထူးသဖြင့် စစ်ကြောင့် ဖွတ်ဖွတ်ကြေနေတဲ့နိုင်ငံမှာ သူ့လမ်းစဉ်ကိုလိုက်ဖို့ ဘယ်သူက ကောင်းကောင်း ဆွဲဆောင်နိုင်မလဲ။ ပြောရရင် သူလုပ်နေတဲ့အကွက်ဟာ သိပ်လည်တဲ့ ပြည်သူ့ ဆက်ဆံရေး (PR) ပါပဲ။ နောက်ဆုံး တိုက်ပွဲနဲ့ပတ်သက်ပြီး သတင်းအချက် အလက်မေးဖို့ သူ့ကို မက်ဆေ့ပို့ဖို့တောင် စိတ်ကူးမိသေးတယ်။ ဒါပေမဲ့ မမေး တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဂူတုန်းရယ်၊ အဘူဘီလယ်လ်ရယ်၊ အယ်ဘာဒါ ဒီရယ်က ဆက်စပ်နေတယ်ဆိုတာ ကျွန်မ မသိသေးဘူးရယ်။ ကျွန်မက


mgyoe.com

ကိုယ်လက်လှုပ်ရှားမှုသလောက် သတင်းအချက်အလက်တွေကို ဆက်ပြီး ခွဲခြမ်းစိတ်ဖြာနေတယ်။ ဘီလယ်လ်နဲ့ ပတ်သက်ပြီး ဘာအချက်အလက်မှ မရှိဘူး။ သူဘယ်သူလဲ၊ သူ အသက်ဘယ်လောက်ရှိပြီလဲ၊ သူ့အနေနဲ့ တိုက်ပွဲအတွေ့အကြုံ အများကြီးရှိမယ်လို့ ခန့်မှန်းတယ်။ ကျွန်မသိလိုစိတ်က ပြင်းပြလာတယ်။ ကျွန်မ အရင်တွေ့ဖူးတဲ့ ဂျီဟတ်ဝါဒီတွေထက် ဒီလူက ပိုပြီးရှုပ်ထွေးနက်နဲမယ်လို့ ထင်မိတယ်။

✠

တနင်္ဂနွေညဒ

Rolling Stones ရဲ့ "Sympathy for the Devil" က ကျွန်မ ညှော်ခန်းထဲမှာ ပျံ့လွင့်လို့။ ကွန်ပျူတာဖွင့်လိုက်တော့ ဘီလယ်လ်ဆီက မက်ဆေ့ သုံးစောင်တွေ့တယ်။ ကျွန်မ ဖန်တီးထားတဲ့ ဒီဂျစ်တယ်ရုပ်သေးကလေးကို သူ မဆက်သွယ်ခင်မှာ စာတွေကို ခပ်မြန်မြန်ဖတ်ရတယ်။ သူပို့တဲ့မက်ဆေ့တွေမှာ သူ့ရဲ့ အတင်းအကျပ်ဖိအားပေးတာတွေကို ကောင်းကောင်းမဖုံးကွယ်နိုင်ဘူး။ နှစ်ကြောင်းပို့ရင် တစ်ကြောင်းလောက်က ဖေ့စ်ဘွတ်ကထွက်ပြီး Skype မှာပြော ဆိုတာချည်းပဲ။ ဘာကြောင့် Skype ချည်းပဲ ပြောနေတာလဲ။ လုံခြုံအောင်လား၊ ဒါမှမဟုတ် ကျွန်မ ဘယ်သူဘယ်ဝါ သိချင်တာလား။ ဒါမှမဟုတ် သူ့ကွန်ထဲ ဝင်လာတဲ့ ငါးအသစ်ကလေးဟာ စားချင်စရာလေး ဟုတ်မဟုတ် သိချင်နေတာလား။

"ဘာလို့ Skype နဲ့ပဲ ပြောခိုင်းနေတာလဲ"လို့ မယ်လိုဒီကို ကျွန်မ ပြောခိုင်းလိုက်တယ်။

"Skype မှာပြောတာက ပိုလုံခြုံတယ်လေ။ ကိုယ်ပြောတာ သိတယ် မဟုတ်လား"

ကျွန်မက ဘာကိုသိရမှာလဲ။ သူက သူ့မက်ဆေ့ကို မျက်စိတစ်ဖက် မှိတ်ပြီး ပြုံးနေတဲ့ အီမိုဂျီအရုပ်ကလေးနဲ့ အဆုံးသတ်ထားတယ်။ အဓိပ္ပာယ်


mgyoe.com

မရှိလိုက်တာ။ သူ့ပရိုဖိုင်မှာ သူက ''IS ကို အသက်ပေးပြီး ယုံကြည်တယ်''လို့ ရေးထားတော့ အဲဒီအချက်ဆီရောက်အောင် ကျွန်မ ဆွဲခေါ်တယ်။

''ရှင်က IS မှာအလုပ်လုပ်တာနော်။ ဘာအလုပ်လုပ်တာလဲ။ ပြင်သစ်မှာတော့ IS ဆိုတာ သိပ်အားကောင်းတဲ့အဖွဲ့ မဟုတ်ဘူးလို့ ပြောကြတယ်''

ကျွန်မက မယ်လိုဒီကိုသုံးပြီး သူ့ကိုဆွတယ်။ ပြီးတော့ ဝါကျအဆုံးမှာ ရှက်နေတဲ့ပုံစံ အီမိုဂျီအရုပ်ကလေး ထည့်လိုက်တယ်။ သူက ချက်ချင်း ကာကွယ်တယ်။ ISIS ဆိုတာ ဆီးရီးယားတင်မဟုတ်ဘူး တစ်ကမ္ဘာလုံးမှာ အားကောင်းနေတာတဲ့။ IS တပ်ဖွဲ့ထဲဝင်ဖို့ ကမ္ဘာတစ်ဝန်းက စစ်သားတွေ ရောက်လာကြတယ်လို့ ဆိုတယ်။

''တိုက်ပွဲဝင်ဖိုက်တာ သုံးမျိုးရှိတယ်''။ ချစ်စရာကောင်းအောင်လုပ်နေတဲ့ အင်တာနက်က အဲဒီလူဟာ ချက်ချင်း ဆရာလေသံပေါက်သွားတယ်။ ''ရှေ့တန်းထွက်တဲ့ ဖိုက်တာရယ်၊ အသေခံဗုံးခွဲသမားဖြစ်လာတဲ့ ဖိုက်တာရယ်၊ မယုံကြည်တဲ့ ဒိဋ္ဌိတွေကို အပြစ်ပေးဖို့ ပြင်သစ်ကိုပြန်သွားတဲ့ ဖိုက်တာရယ်''

''အပြစ်ပေးတယ် ဟုတ်လား၊ ဘယ်လိုပေးတာတုံး''

''သိတယ် မဟုတ်လား၊ မိုဟာမက်လိုလေ''

တူလူ့စ်မြို့မှ လူတွေကို သေနတ်နဲ့ပစ်သတ်ခဲ့တဲ့ မိုဟာမက်မဲရာကို ပြောတာ။ ဒါပေမဲ့ မယ်လိုဒီက ဒါကို နားမလည်ရှာဘူးပေါ့။

''မိုဟာမက်ဆိုတာ ဘယ်သူတုံး။ သူက လူတွေကို ဘယ်လိုအပြစ်ပေးတာတုံး''

''မင်း တူလူ့စ်မှာနေတာ မဟုတ်လား။ စကူတာစီးပြီး လူသတ်ခဲ့တဲ့အကြောင်း မသိဘူးလား။ အရေးကြီးတဲ့ စည်းမျဉ်းတစ်ခုက အလ္လာအရှင်ရဲ့ ရန်သူတွေကို အကြမ်းဖက်ချေမှုန်းဖို့ပဲ''

''ဒါပေမဲ့ မဲရာက ကလေးတွေကို သတ်ခဲ့တာလေ။ ကလေးတွေဆိုတာ အပြစ်ကင်းပြီး ဖြူစင်တယ် မဟုတ်လား။ သူတို့က ဘယ်လိုလုပ်ပြီး ရန်သူတွေ ဖြစ်လာတာလဲ''



mgyoe.com

mgyoe.com SAMPLE BOOK

"မယ်လိုဒီ၊ မင်း သိပ်အတယ်ကွယ်။ မင်း ကလေးချစ်တတ်တယ် မဟုတ်လား။ တစ်နေ့ကျရင် မင်းဆီမှာ ကလေးလေးတွေ ရှိလာလိမ့်မယ်၊ အင်ရှာ အလ္လာ။ ကိုယ်တို့မှာ မိခင်တွေလိုနေတဲ့ မိဘမဲ့ကလေးတွေ အများကြီးရှိတယ်။ ISIS ညီမ၊ အစ်မတော်တွေက သူတို့ကို စောင့်ရှောက်တယ်။ သိပ်လေးစားဖို့ ကောင်းတဲ့ အမျိုးသမီးတွေ။ မင်းမှာ သူတို့နဲ့တူတာတွေ အများကြီးရှိတယ်။ မင်း သူတို့ကိုတွေ့ရင် သဘောကျသွားလိမ့်မယ်"

သူက မယ်လိုဒီကို မသိပေမဲ့ ကောင်းကောင်းထိန်းချုပ် ခြယ်လှယ်တတ်တဲ့လူ။ သူ့နည်းကတော့ မယ်လိုဒီကြားချင်တဲ့စကားတွေ ရွေးပြောပြီး လုံခြုံတယ်ဆိုတဲ့ စိတ်ခံစားမှုဆီ ဆွဲသွင်းနေတာ။ ပြောနေတဲ့အကြောင်းအရာက ဘာကြီးဖြစ်နေဖြစ်နေ ကိစ္စမရှိဘူး။ သူလိုချင်တဲ့ဆီကို ဆွဲခေါ်သွားမှာ။ ကလေးတွေအပေါ် ချစ်ခင်တဲ့သဘော ပြလိုက်တာနဲ့ ဘီလယ်လ်က မယ်လိုဒီကို မိခင်တစ်ယောက်ဖြစ်လာသင့်တယ်ဆိုပြီး အကြံပေးတော့တာပဲ။ မိုဟာမက်မဲရာအကြောင်း ဆွေးနွေးနေတာ မေ့သွားပြီး ယဲ့ယဲ့ကလေး ပြုံးလိုက်ရင်း သူ့ထက်ဆိုးတဲ့လူတွေကို ကူညီပေးရမယ်ဆိုပြီး မယ်လိုဒီ တွေးလိုက်တယ်။ တခြားလူတွေရဲ့ ဆင်းရဲဒုက္ခတွေက သူ့ဆင်းရဲဒုက္ခတွေကို ကုသပေးနိုင်မယ့်အလားပေါ့။ အချိန်အတိုင်းအတာတစ်ခုအထိ မယ်လိုဒီဟာ စိတ်ပျက်စရာ သူ့ပတ်ဝန်းကျင်မှာ လမ်းပျောက်နေတယ်။ အရာအားလုံးက အချိန်ဖြုန်းရုံသက်သက်ပဲ။ ဘာမှ အရေးမကြီးဘူး။ တကယ့်စစ်မှန်တဲ့ ပျော်ရွှင်မှုဆိုတာ ရှားပါးပျောက်ပျက်လွယ်တဲ့ စိတ်ခံစားမှုပဲ။ ပျော်ရွှင်မှုကပေးတဲ့ အင်အားဆိုတာကိုတောင် မမှတ်မိသလောက် ဖြစ်နေပြီ၊ မှောင်မိုက်ပြီး အနာဂတ်မဲ့နေတဲ့ သူ့ဘဝကို မယ်လိုဒီ စိတ်ကုန်နေပြီ။ သူဟာ လမ်းပျောက်ပြီး ဘဝရည်ရွယ်ချက်ကို လိုက်ရှာနေတာ။ ကျွန်မက မယ်လိုဒီကို ခက်ခဲဆိုးရွားပြီး ကြောက်စရာအတိတ်တွေနဲ့ ဖယ်ကြဉ်ခံ မိန်းကလေးငယ်လေးအဖြစ် ဖန်တီးထားတာ။

အချိုပေါ် သကာလောင်းတဲ့ အပြောတွေနဲ့ ဘီလယ်လ်ဟာ မယ်လိုဒီဘဝမှာ ယုံကြည်မှုတွေ ပြန်တည်ဆောက်ပေးမယ့် အလင်းရောင်ကလေး ဖြစ်ချင်


mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်မယ်။ အကြမ်းဖက်သမားကြီး ဘီလယ်လ်ဟာ မယ်လိုဒီရဲ့ ဂျီဟတ်လုပ်ချင်တဲ့ ဆန္ဒတွေကို ဆွဲထုတ်နေတာ။ သူက သူ့ပစ္စည်းရောင်းထွက်ဖို့ ဆွယ်နေတဲ့ အရောင်းသမားလိုပဲ။ သူ့ပစ်မှတ်ရဲ့ မျှော်လင့်ချက်တွေ၊ အားနည်းချက်တွေကို နားလည်ဖို့ ကြိုးစားနေတာ။ သူ့အတွက်တော့ မယ်လိုဒီဟာ ပုံစံခွက်ထဲက တစ်ခု။ မယ်လိုဒီကို ဘယ်လိုအမျိုးအစားဆိုတာ သူ ခွဲခြားနိုင်တာနဲ့ လေးနက်ပြီး လက်ခံချင်စရာကောင်းတဲ့ လေသံတွေနဲ့ စာတွေပို့တော့မှာ။ ဘီလယ်လ်က မကောင်းတဲ့မီးခွက်စောင့်နတ်ဂီနီပဲ။ သူဟာ သိပ်ကျွမ်းကျင်တဲ့ အရောင်းသမားဆိုတော့ မယ်လိုဒီကို ဟီဂျရာလုပ်ဖို့ အစီအစဉ်တွေအကြောင်း တိုက်ရိုက်မမေးဘူး။ ဆီးရီးယားရောက်ရင် ဘာတွေမျှော်လင့်ထားလဲဆိုတာမျိုးပဲ မေးတာ။ သိမ်သိမ်မွေ့မွေ့ကလေး ကိုင်သွားတာ။ ဒါပေမဲ့ ဘီလယ်လ်အနေနဲ့ မယ်လိုဒီအကြောင်း အများကြီးမသိသေးဘူး။ အသက်ကိုလည်း မသိဘူး။ မျက်လုံးအရောင်ဘာလဲ မသိဘူး။ မိသားစုအခြေအနေလည်း မသိဘူး။ သူက အဲဒီကိစ္စတွေ စိတ်မဝင်စား။ သူစိတ်ဝင်စားပုံရတာ တစ်ခုတည်း။ အဲဒါကတော့ မယ်လိုဒီက အစ္စလာမ်ထဲ ပြောင်းထားတယ်ဆိုတဲ့အချက်ပဲ။

ဘီလယ်လ်အဖို့တော့ မယ်လိုဒီရဲ့ယုံကြည်မှုဟာ သိပ်ခိုင်မာတော့ ကမ္ဘာပေါ်မှာ အန္တရာယ်အများဆုံးနိုင်ငံက သူ့ဆီလိုက်လာဖို့ပြောရင် လွယ်လွယ်ကလေးလို့ ယူဆထားတယ်။ သူက ဂျီဟတ်တွေနဲ့ပတ်သက်ပြီး ဘယ်လိုမြင်လဲဆိုတာပဲမေးတယ်။ ကျွန်မကို စစ်တမ်းလာကောက်နေသလိုမျိုး ခံစားရတယ်။ ကျွန်မလည်း ဂျီဟတ်ထဲဝင်နိုင်ခြေအများဆုံးနေရာ မြို့ဆွန်ဒေသတွေနဲ့ ပတ်သက်ပြီး ထွက်ထားတဲ့ အစီရင်ခံစာတွေထဲက ကျွန်မကြားဖူးတဲ့ ထင်မြင်ချက်တွေကို အခြေခံပြီး ဖြေပေးလိုက်တယ်။

"ပါလက်စတိုင်းကလေးတွေကို အစ္စရေးက ဘာတွေလုပ်နေတယ်ဆိုတာမျိုး ကြားဖူးတယ်။ ကလေးတွေရဲ့ အလောင်းတွေကို ရိုက်ထားတဲ့ ဗီဒီယိုတွေကြည့်ဖူးတယ်။ ပါလက်စတိုင်းနဲ့ အစ္စရေးမှာ ဂျီဟတ်လုပ်ဖို့ထွက်သွားတဲ့ ရှင့်ညီတော် နောင်တော်တွေရဲ့အကောင့်ကို follow လုပ်ထားတယ်။ တချို့


mgyoe.com

mgyoe.com

SAMPLE BOOK


မှုဂျာဟစ်ဒင်တွေက ကောင်းတာလုပ်တယ်။ တချို့ မကောင်းတာလုပ်ကြတာ ရှိတယ်။ ဒီတော့ ဘယ်လိုပြောရမှန်း မသိတော့ဘူး''

''ကောင်းတာကိုပဲ ရွေးမြင်ပါ။ ကိုယ်ဆိုရင်လည်း အရေးကြီးတဲ့ မှုဂျာ တစ်ယောက်ပဲ။ ဘာသာရေးကို အသက်ပေးပြီးလုပ်နေတာ ကြာလှပြီ။ ကိုယ် မင်းကို ကတိပေးနိုင်တာကတော့ ကိုယ်က ကိုယ်ချစ်တဲ့လူအပေါ် ပျားရည်စက်၊ မယုံကြည်သူတွေအပေါ်တော့ ဓားသန်လျက်ပဲ။ မင်းလည်း အဲဒီထဲမှာ မပါလောက် ဘူးထင်ပါတယ်''

''ဘယ်လိုလုပ်ပါရမှာလဲ။ ကျွန်မက ဘာသာပြောင်းထားတာလေ''

''ကောင်းတယ်၊ ဒါပေမဲ့ မလုံလောက်သေးဘူး။ တစ်နေ့ကို ငါးကြိမ် ဝတ်ပြုရုံ၊ ရာမာဒန်ဥပုသ်စောင့်ရုံနဲ့ မလုံလောက်ဘူး။ တမန်တော်ရဲ့အဆိုအရ ဆိုရင် မွတ်ဆလင်ကောင်းတစ်ယောက် ဖြစ်ချင်ရင် အယ်လ်ရှမ် (အရှေ့အလယ် ပိုင်းဒေသ) ကိုသွားရမယ်။ ဘုရားသခင်ရဲ့အမှုတော်ကို ထမ်းရမယ်''

''ဒါပေမဲ့ မိသားစုကို မခွဲနိုင်ဘူးလေ။ အရာအားလုံးကိုလည်း မစွန့်လွှတ် နိုင်ဘူး''

''မင်းအဖြေမှားတယ်။ ကိုယ်မှန်းကြည့်မယ်။ မင်းဟာ အရင်းရှင်ပဲ''

မယ်လိုဒီက အသိဉာဏ်မမြင့်ဘူး။ အရင်းရှင်ဝါဒကို စိတ်မဝင်စားဘူး။ ပြီးတော့ မိသားစုနဲ့ ဘာဆိုင်လို့လဲ။ ဘီလယ်လ်ပြောချင်နေတာကို သူ နားမလည် နိုင်ရှာဘူး။ မကြာခင်မှာပဲ ဘီလယ်လ်က မယ်လိုဒီကို သူ မွေးဖွားကြီးပြင်းခဲ့တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ အလေးအမြတ်ပြုတဲ့ လူ့အဖွဲ့အစည်းကို ကျောခိုင်းပြီး အစ္စလာမ်ယဉ်ကျေးမှု လူ့အဖွဲ့အစည်းဆီ ထွေးပွေ့ပြေးဝင်လိုက်ဖို့ ပြောတယ်။ ဘီလယ်လ်က ရှင်းတယ်။ မယ်လိုဒီအနေနဲ့ သူ့နိုင်ငံက ဥပဒေတွေကို လိုက်နာ စရာ မလိုဘူးလို့ ယူဆတယ်။ မယ်လိုဒီလိုက်နာရမယ့်ဥပဒေဆိုတာ အစွန်းရောက် အစ္စလာမ်ဥပဒေတွေပဲ။ သူ မြတ်နိုးယုံကြည်တဲ့ စစ်မှန်တဲ့ အစ္စလာမ်ပေါ့။ မယ်လိုဒီက ရိုးအတယ်။ ရှေ့ကို ကြိုမမြင်ဘူး။ အမြဲ လှည့်ဖြားခံရတယ်။ ရုပ်ဝတ္ထု ပစ္စည်း အလေးအမြတ်ပြုတဲ့ လူ့အဖွဲ့အစည်းကိုတော့ တိုက်ခိုက်ဝေဖန်ပြီးတော့


mgyoe.com

သူကျတော့ နောက်ဆုံးပေါ် ရေးဘန်မျက်မှန်၊ နိုက်ကီအဝတ်အထည်တွေ ဝတ်ထားတဲ့ အချက်တို့ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေတာကိုလည်း သတိမထားမိ ရှာဘူး။

"အရင်းရှင်ဝါဒဆိုတာ ဝယ်လိုအားနဲ့ ရောင်းလိုအားအကြား ချိန်ခွင်လျှာ ညှိပေးတာမျိုး မဟုတ်ဘူးလား။ ဟ ဟ"

"အချစ်ကလေး၊ အရင်းရှင်ဝါဒဆိုတာ ကမ္ဘာကြီးအတွက် ရောဂါ တစ်ခုပဲ။ မင်းက စနစ်ကာဘားတွေမှာ စားသောက်နေချိန်၊ MTV တွေကြည့် နေချိန်၊ Booba တို့၊ Wu-Tang Clan တို့ရဲ့အခွေတွေ ဝယ်နေချိန်၊ Foot Locker မှာ ပစ္စည်းတွေလျှောက်ကြည့်နေချိန်မှာ ကိုယ်တို့လူတွေဟာ ကိုယ်တို့ မွတ်ဆလင်တွေ ကိုယ်ပိုင်နိုင်ငံနဲ့ နေနိုင်ဖို့ အသက်တွေပေးနေရတယ်။ ကိုယ်တို့က အသက်စွန့်နေကြချိန်မှာ မင်းကတော့ အဓိပ္ပာယ်မရှိတဲ့အလုပ်တွေလုပ်ပြီး အချိန်တွေကုန်နေတယ်။ ဘာသာရေးကိုလိုက်စားတယ်ဆိုတာ ကိုယ့်တန်ဖိုးတွေကို သတ်မှတ်ခြင်းပဲ။ မင်းမှာ စိတ်ကောင်းနှလုံးကောင်းရှိမှန်းသိတော့ ကိုယ် မင်းကို စိုးရိမ်တယ် မယ်လိုဒီ။ တကယ်လို့ မင်း အဲဒီ ဒိဗ္ဗိတွေကြားမှာသာ ဆက်နေရင် ငရဲအိုး ချိုးကပ်လိမ့်မယ်။ အရင်းရှင်ဝါဒီဆိုတာ လူလူချင်း ခေါင်းပုံဖြတ်တာပဲ။ ကိုယ်ပြောတာသိတယ် မဟုတ်လား"

အခုတော့ ဆရာသမားက မာ့က်စ်ကိုတောင် ကိုးကားလို့။ သူဟာ ဂျာမန်တွေးခေါ်ပညာရှင်ကြီး ကားမာ့က်စ်ရဲ့ အယူအဆတွေ၊ လူတန်းစားတိုက်ပွဲရဲ့ သဘောတရားတွေကို တကယ်ပဲနားလည်တာလား။ ဒါမှမဟုတ် သူများပြောသံ ကြားလို့ လေဖမ်းဒန်းစီးတာလား။ နာမည်ကြီးလာကို့စ်တာ အမှတ်တံဆိပ်ကို ခြေအစ ခေါင်းအဆုံး ဝတ်တတ်တဲ့ "ကိုထင်ပေါ်" ဂူတုန်းကိုတောင် သတိရ မိသေး။ "မယုံကြည်သူ ဒိဗ္ဗိတွေ" ကြုံရမယ့် ကံကြမ္မာအကြောင်း ဘီလယ်လ်က ရှင်းပြတော့ မယ်လိုဒီတစ်ယောက် အံ့အားသင့်သွားတယ်။ အနောက်နိုင်ငံမှာ နေရတဲ့ သူ့ဘဝဟာ ဘာမျှော်လင့်ချက်မှ မရှိဘူး။ မည်းမှောင်လို့။ ဆီးရီးယားက လူတွေ ကြုံနေရတာတွေနဲ့ နှိုင်းယှဉ်ရင်ကော။ ဘီလယ်လ်က မယ်လိုဒီရဲ့ ယုံကြည်



mgyoe.com

မှုကို အကြောက်တရားနဲ့ ဖိခြောက်နေတာ။ မယ်လိုဒီရဲ့စိတ်ထဲ သံသယမျိုးစေ့တွေ ချပေးနိုင်ခဲ့သလို အပြစ်ရှိသလို ခံစားရအောင်လည်း လုပ်နိုင်ခဲ့တယ်။

အဘူဘီလယ်လ်က အတော်မနှစ်မြို့စရာလူ။ သူ့ပရိုဖိုင်ပုံကို ကြည့်ပြီးသွားပြီ။ ရုပ်ကတော့ ကြည့်ကောင်းတယ်။ သူရေးတဲ့စာထဲက အံ့သြစရာ သဒ္ဒါအမှားတွေကလည်း သူ့ယုံကြည်မှုအင်အားကို အာရုံမစိုက်မိအောင် ဖြစ်စေတယ်။ သူ့ကို ဒီလို အစွန်းရောက်လာအောင် ဘာတွေက ဆွဲခေါ်သွားပါလိမ့်။ သူ့ကို စုံလုံးကန်း ယုံကြည်အောင် ဘာတွေကလုပ်လိုက်ပါလိမ့်။ အဲဒီလို စုံလုံးကန်းယုံတဲ့ လူက ပိုတောင်အန္တရာယ်များတယ်။ ဂျီဟာတ်ဖြစ်လာတဲ့လူတွေရဲ့ မိဘတွေကတော့ သူတို့သားသမီးတွေရဲ့ အယူအဆသွတ်သွင်းမှုကို ဘာသာရေးဂိုဏ်းတွေက လုပ်နေတဲ့ နည်းလမ်းတွေနဲ့ နှိုင်းယှဉ်ပြကြတယ်။ ဒီနေရာမှာလည်း ဒါမျိုးတွေ့နေရတယ်။ မယ်လိုဒီအနေနဲ့ သူ နားမလည်တဲ့ ပရောဖက်ပြုမှုကြောင့် ဒီမစ်ရှင်ကို လုပ်ရမလိုဖြစ်နေတယ်။ ကျွန်မ စီးကရက်နောက်တစ်လိပ် မီးညှိလိုက်တယ်။

"ရှင်ပြောချင်တာက ကျွန်မသာ အယ်လ်ရှမ်ကို မသွားဘူးဆိုရင် ကျွန်မက မွတ်ဆလင်ကောင်း မဟုတ်တော့ဘဲ ကောင်းကင်ဘုံကို မရောက်တော့ဘူးလို့ ပြောချင်တာလား"

"ဒါပေါ့၊ ဒါပေမဲ့ မင်းမှာ အချိန်ရှိပါသေးတယ်။ ကိုယ် မင်းကို ကူညီမယ်၊ ကာကွယ်ပေးမယ်။ မင်းကို မေးခွန်းတစ်ခုလောက် မေးလို့ရမလား"

နောက်ထပ် ပြုံးနေတဲ့ အီမိုဂျီအရုပ်ကလေးတစ်ခု။ ဒီအီမိုဂျီမပို့တာတောင်ကြာပြီ။ မယ်လိုဒီအနေနဲ့ ဆီးရီးယားနဲ့ ငရဲတစ်ခုခုကို ရွေးရမယ့် အနေအထား။ ဘီလယ်လ်က ဆီးရီးယားဆိုတာကို နေချင့်စရာပုံစံ၊ ငရဲတမျှ ဖြစ်မနေတဲ့ပုံမျိုး ပုံဖော်ပြတယ်။

"ကိုယ် မင်းပရိုဖိုင်ကို ဝင်ကြည့်တော့ ပုံတစ်ပုံပဲတွေ့တယ်။ အဲဒါမင်းပုံလား"လို့ သူက မေးလာတယ်။

လခွမ်း။ အဲဒီပုံကို လုံးဝကို မေ့နေတာ။ မယ်လိုဒီအကောင့်ကို လွှန်ခဲ့တဲ့ ခြောက်နှစ်က ဖွင့်ထားတာ။ အဲဒီအချိန်တုန်းက အစွန်းရောက်တွေရဲ့ ဖနီးသည်



mgyoe.com

တွေဟာ ကိုယ့်မျက်နှာကိုယ်ပြလို့ ရသေးတဲ့အချိန်ပေါ့။ အခုအခါမှာတော့ ကိုယ့်ဇနီးကို လူမှုကွန်ရက်အသုံးပြုခွင့်ပေးတဲ့ အစ္စလာမ်အစွန်းရောက်အချို့ဟာ သူတို့ဇနီးတွေကို လူမှုကွန်ရက်သုံးတဲ့အခါ မျက်နှာကိုဖုံးထားခိုင်းတယ်။ ဆံပင်ကောင်းကောင်းနဲ့ မိန်းမလှလေးပုံကို ပုံဖော်ထားတဲ့ အဲဒီပရိုဖိုင်ပုံအဟောင်းကို ဖျက်ဖို့ သတိမရဘူး။

''အဲဒီပုံက ကျွန်မ အစ်မရဲ့ပုံပါ''လို့ ကျွန်မ လျှောက်ပြောလိုက်တယ်။

''သူက ဘာသာမပြောင်းရသေးဘူး။ ဒါကြောင့် မျက်နှာကိုမအုပ်ဘူး။ ဒါပေမဲ့ ကျွန်မက မျက်နှာကိုဖုံးထားတယ်''

''ကိုယ်လန့်သွားတာပဲ၊ မာရှာအလ္လာ။ မင်း မျက်နှာကို ဘယ်သူမှ မကြည့်သင့်ဘူး။ မိန်းမကောင်းဆိုတာ ကိုယ့်မျက်နှာကို ကိုယ့်ယောကျ်ားကလွဲပြီး ဘယ်သူ့ကိုမှ မပြသင့်ဘူး။ မင်း အသက်ဘယ်လောက်ရှိပြီလဲ မယ်လိုဒီ''

အခုအချိန်မတိုင်ခင်အထိ ကျွန်မဟာ ကားအရောင်းသမားတစ်ယောက်နဲ့ စကားပြောနေသလိုမျိုး ခံစားရတယ်။ အခုတော့ ကလေးမုဒိမ်းသမား တစ်ယောက်နဲ့ စကားပြောရသလိုမျိုး ခံစားရတယ်။ ကျွန်မက အရွယ်မရောက်သေးတဲ့ ကလေးမလေးလို့ပြောဖို့ စိတ်ကူးသေးတယ်။ သူ ဘယ်လိုတုံ့ပြန်မလဲ ဆိုတာ သိချင်လို့။ ဒါပေမဲ့ သူ့ကို Skype ကနေတွေ့ဖို့ဆိုရင် ရှေ့နောက်မညီ ဖြစ်ကုန်မယ်။ ကျွန်မက အသက်က သုံးဆယ်ကျော်ကျော်။ လူက အသက်ထက် နုတယ်ဆိုပေမဲ့ ဆယ်ကျော်သက်ပုံစံ ဟန်ဆောင်လို့တော့ ရမှာမဟုတ်ဘူး။

''နှစ်ဆယ်ပြည့်တော့မယ်''

''မင်းကို နောက်မေးခွန်းတစ်ခုလောက် မေးလို့ရမလား''

မယ်လိုဒီရဲ့အသက်ကို သူ ဂရုစိုက်ပုံမရ။ တကယ်လို့သာ အသက် ၁၅ နှစ်ပဲရှိသေးတာဆိုရင် ဘယ်လိုနေမလဲ။ ၁၅ နှစ်ဆိုရင် တစ်မျိုးပြောင်းပြီး ပြောမလား။

အချိန်က ပြင်သစ်မှာ ၁၁ နာရီ။ ဆီးရီးယားမှာ ညသန်းခေါင်ယံပေါ့။ ကျွန်မ မယ်ဘိုရိုဆေးလိပ်တစ်ဘူးလည်း ကုန်ပြီ။ ကျွန်မလည်း မောပန်းနွမ်းနယ်


mgyoe.com

mgyoe.com SAMPLE BOOK


နေပြီ။ နောက်မေးလာမယ့် မေးခွန်းက အဲဒီညအတွက် နောက်ဆုံးမေးခွန်းလို့ ထင်မိတယ်။

''မင်းက ရည်းစားရှိလား''

ဒီလိုမေးလာမှာကို ကြောက်နေခဲ့တာ။ မယ်လိုဒီက သိုသိပ်တဲ့ မိန်းကလေး။ အသေးစိတ်ကို မပြောပြနိုင်ဘူး။

''မရှိပါဘူး၊ ဒီကိစ္စကို ယောက်ျားတစ်ယောက်နဲ့ ဆွေးနွေးတာ ကျွန်မ အတွက် အဆင်မပြေဘူး။ တားမြစ်ထားတာလေ။ မကြာခင် အမေ အလုပ်ကနေ ပြန်ရောက်လာတော့မယ်။ ကျွန်မ ကုရ်အာန်ကျမ်းကိုဖွက်ပြီး အိပ်ရာဝင်တော့မယ်''

''နောက်ဆိုရင် မင်း ဘာကိုမှ ဖွက်နေစရာလိုတော့မှာ မဟုတ်ဘူး။ အင်ရှာ အလ္လာ။ မင်းရဲ့ရည်းစား ဖြစ်ခွင့်ပေးမလား သိချင်တယ်''

''ဒါပေမဲ့ ရှင်က ကျွန်မကို မသိဘူးလေ''

''ဒီတော့ ဘာဖြစ်လဲ''

''ရှင့်ကိုကျွန်မ စိတ်မဝင်စားရင် ဘယ်လိုလုပ်မလဲ''

''ညီမလေးက သိပ်ချစ်ဖို့ကောင်းတာပဲ။ အရေးကြီးတာက မင်းရဲ့ အတွင်းအလှပဲ။ မင်းနဲ့ပတ်သက်ပြီး စိတ်ထဲ ကျေနပ်မိတယ်။ ဒီမှာရှိနေတဲ့ မင်းဘဝကို ရှင်သန်နေထိုင်ဖို့ ကူညီပေးချင်တယ်။ ခိုးကြောင်ခိုးဖွက် ဝတ်ပြု ဆုတောင်းနေရတယ်ဆိုတာ ကြားရတော့ ကိုယ့်အသည်းတွေကွဲရတယ်။ ကိုယ် ဒီမှာ နေ့တိုင်း တိုက်ပွဲဝင်နေတာကလည်း တခြားလူတွေ ဆီးရီးယားကို လေးစား လာအောင် လုပ်ဖို့ပဲ''

အစ္စလာမ်ဘာသာကို သူ အမြတ်ထုတ်တဲ့အပေါ် ဒေါသထွက်မိတယ်။ ကျွန်မအမြင်ကတော့ အစ္စလာမ်ဘာသာဆိုတာ တခြားလူတွေအပေါ် ကိုယ်ချင်း စာတတ်အောင် ဘာသာကိုးကွယ်သူတွေကို တိုက်တွန်းအားပေးတဲ့ ဘာသာပဲ။ ကျွန်မက ဘုရားသခင်ရှိတယ်ဆိုတာ ယုံတဲ့လူတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကမ္ဘာတစ်ဝန်းမှာ ဘုရားသခင်ဆိုတာ တည်ရှိတယ်လို့ ယုံကြည်မှတ်ယူကြတဲ့ လူတွေကိုတော့ လေးစားတယ်။ ပြင်သစ် စာရေးဆရာကြီး အန်ဒရေမာရော့က


mgyoe.com

''၂၁ ရာစုမှာ ဘာသာရေး အဓိကဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဘာသာရေး လုံးလုံး မရှိတာမျိုးဖြစ်မယ်''လို့ ခန့်မှန်းဖူးတယ်။ ဒီစကားတွေကိုလည်း သူပြောချင်တဲ့ အဓိပ္ပာယ်မဟုတ်ဘဲ သုံးနေကြတာရှိတယ်။ သူပြောချင်တာက ဘာသာရေး ယုံကြည်မှုဆိုင်ရာ၊ မြတ်နိုးကြည်ညိုမှုကို ပြောချင်တာ။ ဘီလယ်လ်ကတော့ အမျိုးသမီးတွေကို မျက်နှာအပြည့်အုပ်ခိုင်း၊ အသက် ၁၄ နဲ့ လက်ထပ်ခိုင်းတာလို အကျင့်ထုံးစံတွေပါတဲ့ ဘာသာရေးကို အားပေးမြှင့်တင်နေတာ။ သူတို့ဥပဒေထဲက တချို့ဟာတွေက သိပ်ကြမ်းတမ်းရက်စက်လွန်းတယ်။ ဖောက်ပြန်တဲ့အမျိုးသမီး ဆိုရင် ကျောက်တုံးနဲ့ ပိုင်းထုသတ်ပေမဲ့ အမျိုးသားတွေ ဖောက်ပြန်ရင်တော့ ဒဏ်ကြေးလေး မဖြစ်စလောက် ဆောင်ခိုင်းတာမျိုး၊ သူခိုးတွေဆိုရင်လည်း ခိုးမှု အတွက် လက်ဖြတ်အပြစ်ပေးခံရတာမျိုး။ ISIS ဟာ အဲဒီ ရှာရီးယားဥပဒေတွေကို ပထမအရှေ့အလယ်ပိုင်း၊ နောက်တစ်ကမ္ဘာလုံးမှာ ပြဋ္ဌာန်းဖို့ ကြိုးစားနေတာ။

ရှာရီးယားဥပဒေတွေနဲ့ ပတ်သက်ရင်တော့ ဘီလယ်လ်က ပညာရှင် အဆင့်။ မယ်လိုဒီအနေနဲ့ လက်ချောင်းတွေကအစ သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တစ်လက်မကလေးကိုတောင် ဘယ်သူ့မှ မပြသင့်ဘူးတဲ့။ မျက်နှာကိုဖော်ပြီး ကျန်တာအကုန်ဖုံးပြီး ဝတ်ရင်တောင် မလုံလောက်သေးဘူးတဲ့။ မယ်လိုဒီအနေနဲ့ ဘာရ်ကာကို ဝတ်ရမယ်။ ပြီးရင် အပေါ်ကနေ ခြုံပဝါထပ်လွှမ်းရမယ်တဲ့။ သူ့ညွှန်ကြားချက်တွေက ကျွန်မကို ဒေါသထွက်စေတယ်။ (ဘာရ်ကာဆိုတာ မျက်လုံးနှစ်လုံးပဲ ဖော်ပြီး ကျန်တာ အကုန်ဖုံးထားတဲ့ဝတ်စုံ)

''အမေက ကျွန်မနဲ့အစ်မကို တစ်ယောက်တည်း လုပ်ကျွေးပြုစု ပျိုးထောင်ခဲ့တာ''။ ကျွန်မက အခြေအနေကို နည်းနည်းထိန်းဖို့လုပ်တယ်။

''ကျွန်မတို့ လိုအပ်သမျှ ဖြည့်ဆည်းဖို့ အမေက အလုပ်နှစ်ခုလုပ်တယ်။ ကျွန်မက တိတ်တိတ်ကလေး ဘာသာပြောင်းထားတာ။ အမေက ကျွန်မ ဘယ်ဘာသာကို ကိုးကွယ်ရမယ်လို့ဆိုပြီး မကန့်သတ်ဘူး''



mgyoe.com

mgyoe.com SAMPLE BOOK

''မင်းအမေက လူကောင်းဆိုတာ ကိုယ်ယုံပါတယ်။ လမ်းပျောက်နေတဲ့ သူပါ။ မကြာခင် လမ်းမှန်ကို ရောက်လိမ့်မယ်လို့ ထင်တယ်။ အဲဒီတစ်ခုတည်း သောလမ်းကြောင်းအမှန်ကတော့ အလ္လာအရှင်ရဲ့လမ်းကြောင်းပဲ''

သူ့ တစ်ယူသန်အတွေးအခေါ်တွေ၊ မျက်လုံးစုံမှိတ် ယုံကြည်မှုတွေ၊ တစ်ယူသန်ကောက်ချက်တွေကြောင့် ဆွံ့အသွားတယ်။ ယုတ္တိဗေဒအရ သိပ်အဓိပ္ပာယ် မရှိလှပေမဲ့လည်း သူ့ဆွေးနွေးချက်တွေက ရှေ့နောက်ညီနေ သေးတယ်။ မယ်လိုဒီရဲ့မေးခွန်းတိုင်းကို သူက စကားနှစ်ခွ အဖြေတွေပေးလေ့ ရှိတယ်။ အဖြေတွေအားလုံးကို အစ္စလာမ်မှာ တွေ့နိုင်မယ်ဆိုတာချည်းပဲ။ ISIS တို့တွန်းအားပေး ကျင့်သုံးနိုင်းနေတဲ့ အလယ်ခေတ် အစ္စလာမ်ပုံစံပေါ့။ အခုပြော နေတာ နည်းနည်းလေကြောရှည်နေပြီ။ အဆုံးသတ်ဖို့လိုပြီး သူ လက်လျှော့ လိုက်ပြီး အိပ်မက်လှလှမက်ပါစေလို့ ဆုတောင်းပေးတယ်။ ဒါပေမဲ့ တစ်ခု ထပ်ပြောသေးတယ်။

''မင်း မအိပ်ခင် ကိုယ်မေးတာ ဖြေသွားပေးပါဦး။ ကိုယ့်ကို မင်းရဲ့ ရည်းစားဖြစ်ခွင့်ပေးမလား''

ကျွန်မ ဖေ့စ်ဘွတ်ကနေ ထွက်လိုက်တယ်။

နှစ်နာရီအတွင်း ကျွန်မတို့ မက်ဆေ့ပေါင်း ၁၂၀ ပို့ခဲ့ကြတယ်။ အဲဒါတွေကို တစ်ခုချင်း အသေအချာ ပြန်ဖတ်တယ်။ ညကလည်း အချိန်နှောင်း နေပြီ။ ကျွန်မ မီးလန်ကို ဖုန်းဆက်လိုက်တယ်။

✠

တနင်္လာနေ့

ကျွန်မ ထူးထူးခြားခြား မနက်စောစောနိုးလာတယ်။ ကျွန်မက မနက် စောစောနိုးတဲ့လူ မဟုတ်ဘူး။ ဒီစနေ၊ တနင်္ဂနွေ ပိတ်ရက်အတွင်း ကျွန်မလုပ်ခဲ့ တာနဲ့ ပတ်သက်ပြီး အယ်ဒီတာနဲ့ ဆွေးနွေးဖို့ ကျွန်မ အလွတ်တန်းလုပ်နေတဲ့


mgyoe.com

mgyoe.com

မဂ္ဂဇင်းဆီ ပြေးတယ်။ သူကလည်း အင်တာနက်မှာ အစွလာမ်အစွန်းရောက်အဖွဲ့တွေရဲ့ ကြီးထွားမှုကို ထောက်လှမ်းနေတာ။ လွန်ခဲ့တဲ့ ၂၄ နာရီတုန်းက သူ့ဆီ ဗီဒီယိုတစ်ခု ပို့ခဲ့တယ်။ အဲဒီဗီဒီယိုက ဘီလယ်လ်တစ်ယောက် သူ့ကားထဲက ပစ္စည်းတွေ ကြွားနေတဲ့ ဗီဒီယို။ မြန်မြန်ကြီး အဆက်အသွယ်ရသွားတဲ့အပေါ် သူက အံ့သြနေတယ်။ ဒါဟာ သိပ်ကိုကောင်းတဲ့ အခွင့်အလမ်းဆိုတာ သူလည်း သဘောတူတယ်။ ဒီစုံစမ်းထောက်လှမ်းမှုကနေရလာတဲ့ သတင်းအချက်အလက်တွေဟာ ဒီဂျစ်တယ်ဂျိဟတ်ဝါဒအကြောင်း ရှုထောင့်တစ်ခု ရလာနိုင်တယ်။ ဒါပေမဲ့ အန္တရာယ်တော့ များနိုင်တယ်လို့ သတိပေးတယ်။ သတိထားဖို့ပြောရင်း ဓာတ်ပုံဆရာတစ်ယောက်ကို ကျွန်မအတွက် အကူထည့်ပေးတယ်။ သူ့နာမည်က အန်ဒရေ။ ကျွန်မသူငယ်ချင်း။ ကျွန်မလိုပဲ အလွတ်တန်းသမား။ ကျွန်မတို့နှစ်ပေါင်းများစွာ တွဲပြီးအလုပ်လုပ်ဖူးတယ်။ အလုပ်လည်းဖြစ်တယ်။ ဘီလယ်လ်က Skype ကနေ ဗီဒီယိုကောပြောချင်တယ်ဆိုတာကို ကျွန်မက လက်ခံမယ်။ အန်ဒရေက ဓာတ်ပုံရိုက်မယ်။ ကျွန်မပြီးရင် အန်ဒရေဟာ ဘီလယ်လ်နဲ့ မယ်လိုဒီတို့ရဲ့ အဆက်အသွယ်ကိုသိတဲ့ ဒုတိယမျက်မြင်သက်သေပဲ။

လှည့်ဖြားထားတဲ့ ဒီဇာတ်လမ်းထဲမှာ ဇာတ်ကောင်နှစ်ယောက်အနက် တစ်ယောက်နေရာမှာ ဝင်ပြီးသရုပ်ဆောင်ရတော့မှာကို စိတ်ထဲမှာ တစ်မျိုးကြီးခံစားမိတယ်။ ဇာတ်ကောင်နှစ်ယောက်လုံးကလည်း အဖြစ်မှန်ကိုသိကြတာ မဟုတ်ဘူး။ အရင်ကလည်း တစ်ခါမှ ဒီလိုမလုပ်ဖူးတော့ စိတ်ထဲ စနိုးစနောင့်နဲ့။ တစ်ဖက်မှာလည်း ဘီလယ်လ်ဆိုတာ လိုအပ်ချက်ပေါ်လိုက်တိုင်း တိုင်ပင်လို့ရတဲ့ မီးခွက်စောင့်နတ် ဂျီနီမှာမှ မကောင်းဆိုးဝါး ဂျီနီ။ အခုတော့ ကျွန်မဟာ ကိုယ်ရေးမယ့်သတင်းဆောင်းပါးမှာတင် ပါရတော့မယ်။ ကျွန်မအနေနဲ့ ဒီလူရဲ့ လွှမ်းမိုးလိုစိတ်ကို ကျေနပ်အောင် ကစားရမယ်။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ အရေးကြီးတဲ့ကိစ္စတစ်ခု လုပ်ရမယ်။ မယ်လိုဒီပုံပေါ်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာပဲ။ ကျွန်မအနေနဲ့ ဆယ်နှစ်လောက်နုပျိုသွားအောင် လုပ်ရမယ်။ ပြီးတော့ မျက်နှာဖုံးတဲ့ဇာပါးလိုတယ်။ ပြီးတော့ အရမ်းငယ်တဲ့ မိန်းကလေးတစ်ယောက်ပုံစံ


mgyoe.com

mgyoe.com SAMPLE BOOK

ဖမ်းဖို့လိုတယ်။ ကျွန်မ စုံစမ်းထောက်လှမ်းမှုကို ကြီးကြပ်ပေးမယ့် အယ်ဒီတာ တစ်ယောက်က ကျွန်မကို ဟောဂျပ်နဲ့ အနက်ရောင်ဝတ်စုံငှားတယ်။ သူကလည်း အရင်က သတင်းထောက်ပဲ။ (ဟောဂျပ်ဆိုတာ ဆံပင်နဲ့လည်ပင်းကိုဖုံးပြီး မျက်နှာကို ဖော်ထားပေးတဲ့ ခေါင်းစည်း)။ မယ်လိုဒီအနေနဲ့ သူ့ခန္ဓာကိုယ်နေရာတော်တော် များများကို ဖုံးမထားရင် ဘီလယ်လ်က စကားပြောမှာမဟုတ်ဘူး။ သူ့အသက်က ၃၈ နှစ်။ အမျိုးသမီးတွေအပေါ်ထားတဲ့ သူ့သဘောထားက အခုမှဖြစ်လာတဲ့ ဂျီဟတ်လက်သစ်တွေရဲ့အမြင်နဲ့ တူမှာမဟုတ်ဘူး။

ကျွန်မအနေနဲ့ မျက်နှာဖုံးဓာပါးကို ကျေကျေနပ်နပ်ကြီး ဝတ်မယ်။ ကျွန်မ မျက်နှာကို အကြမ်းဖက်သမားတစ်ယောက်က မြင်တွေ့သွားမှာကို မကြောက် မိဘူး။ သူမှ အချိန်မရွေး ကိုယ်မွေးတဲ့ပြင်သစ်နိုင်ငံကို ပြန်လာလို့မရတာလေ။

အဲဒီည ၆ နာရီလောက်မှာ ကျွန်မ တိုက်ခန်းကို အန်ဒရေရောက် လာတယ်။ ဆီးရီးယားက ပြင်သစ်ထက် တစ်နာရီနောက်ကျတယ်။ ဒီတော့ ဘီလယ်လ်တစ်ယောက် ''သူ့တိုက်ပွဲကနေ အိမ်ပြန်လာပြီး မယ်လိုဒီကို ဆက်သွယ်မယ့် အချိန်ရောက်ဖို့ မိနစ်ခြောက်ဆယ်လောက်စောတယ်။ ကျွန်မကို ဗိုးတဝါးထားပြီး ကွန်ပျူတာစခရင်ကို ဓာတ်ပုံရိုက်လို့ရမယ့် အကောင်းဆုံးရှုထောင့် လိုက်ရှာကြတယ်။ ကျွန်မနဲ့အန်ဒရေရဲ့ ဘေးကင်းမှုကို အဓိကထားဖို့ ကျွန်မတို့ကို တင်းတင်းကျပ်ကျပ် ညွှန်ကြားထားတယ်။ အန်ဒရေက ကျွန်မဧည့်ခန်းကို ပြင်ဆင် နေတုန်း ကျွန်မ မယ်လိုဒီဝတ်မယ့် အဝတ်အစားတွေကို ကျွန်မ ဝတ်ထားတဲ့ ဂျင်းဘောင်းဘီနဲ့ ဆွယ်တာပေါ် ထပ်ဝတ်လိုက်တယ်။ ခြေအထိပုံနေတဲ့ အဲဒီဝတ်စုံ အနက်ဟာ ခါးနေရာမှာ အစည်းကလေးတွေနဲ့။ အံ့သြစရာပဲ၊ ကျွန်မနဲ့ကွက်တိ။ ကျွန်မ ဖိနပ်ဖုံးတဲ့အထိ ရှည်လျားနေတဲ့ ဝတ်စုံကြီးနဲ့ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ဓာတ်ပုံတစ်ပုံရိုက်လိုက်တယ်။ ကျွန်မဟာ တကယ်ပဲ အသက် ၂၀ အရွယ် ကောင်မလေးတစ်ယောက်လို ဖြစ်နေတယ်။ ကျွန်မ ဧည့်ခန်းဘက်ပြန်ထွက်လာတဲ့ အခါ အန်ဒရေက ကျွန်မကိုမြင်တော့ ခွက်ထိုးခွက်လန် ရယ်ပါတယ်။ ''နင့်နဖူးပါ အုပ်ရမှာလေ''တဲ့။ ပြောလည်းပြော လက်ကလည်း ကျွန်မကို လျှပ်တစ်ပြက်


mgyoe.com

mgyoe.com

SAMPLE BOOK


ဓာတ်ပုံရိုက်လိုက်ပါတယ်။ သူက ဟောဂျပ်ကို ပြန်ပြင်ပေးတယ်။ ကျွန်မ ဆံပင်တွေ အကုန်ဖုံးပြီး မျက်နှာတစ်ဝိုက် ဘဲဥပုံလေးပဲပေါ်အောင် ထားရတယ်။ တခြား သတင်းတွေ လိုက်တုန်းက ဘာရ်ကာဝတ်စုံ ဝတ်ဖူးတယ်။ တချို့အမျိုးသမီးတွေက အဲဒါကြီး ဝတ်ရတာ မွန်းတယ်လို့ ပြောကြပေမဲ့ ကျွန်မတော့ မမွန်းဘူး။ ဘာရ်ကာ ဝတ်လာတဲ့ အမျိုးသမီးကိုတွေ့ရင် လူတွေဟာ အဖိနှိပ်ခံရတဲ့ အမျိုးသမီးတွေလို့ မြင်တတ်ကြတယ်။ ဒါပေမဲ့ အဲဒီဝတ်စုံဝတ်ရတာ ကျွန်မ ဘယ်လိုမှမနေ။ ဒါပေမဲ့ ဟောဂျပ်ကျတော့ ကျွန်မအတွက် အသစ်အဆန်းဖြစ်နေတယ်။ ကျွန်မ ကလေးဘဝ တုန်းက အဖေအမေက အတင်းဝတ်ခိုင်းလို့ ဝတ်ခဲ့ရတဲ့ ခေါင်းစွပ်လို ဦးထုပ် ကိုတောင် သွားသတိရမိသေးတယ်။ ကျွန်မ ငါးနှစ်သမီးလောက်တုန်းက ဝတ်ဖူးတာ။ ဝတ်တဲ့အခါ အရေပြားတွေ ယားလိုက်တာဆိုတာလေ။ ကျွန်မ မျက်နှာက ညှပ်နဲ့ညှပ်ထားတဲ့ငါး ကျနေတာပဲ။ ကျွန်မကိုကြည့်ပြီး အန်ဒရေ အူလှိုက်သည်းလှိုက် ရယ်နေတာကလည်း ဘာမှ အကူအညီမဖြစ်ဘူး။

ကျွန်မ လက်စွပ်တွေ ချွတ်လိုက်တယ်။ ဘီလယ်လ်က အဲဒီလိုမျိုး ဟာတွေ သဘောမကျလောက်ဘူးလို့ ခန့်မှန်းမိတာကိုး။ ပြီးတော့ မယ်လိုဒီပုံစံ ဟန်ဆောင်မယ်ဆိုရင် ကျွန်မပုံစံတွေ အကုန်ဖယ်ပစ်ဖို့လိုတယ်။ မယ်လိုဒီဟာ တောက်တောက်ပြောင်ပြောင်လက်စွပ်တွေ ဝတ်မှာမဟုတ်ဘူး။ ပြီးတော့ ကျွန်မ လက်ကောက်ဝတ်က တက်တူးသေးသေးကလေးကိုလည်း မိတ်ကပ်နဲ့အုပ် လိုက်တယ်။ ကျွန်မဆိုးထားတဲ့ အရောင်တောက်တောက် လက်သည်းနီတွေကို ချွတ်ဖို့ လက်သည်းချွတ်ဆေးဝယ်ဖို့တောင် စိတ်ကူးသေးတယ်။ ဒါပေမဲ့ မေ့သွားတာ။ အို ထားလိုက်တော့။ ဘီလယ်လ်မြင်သွားပြီးတစ်ခုခုပြောရင်လည်း ရှာကြံပြီး ဆင်ခြေပေးတာပေါ့။

အဆက်အသွယ်လုပ်မယ့်အချိန်က နီးလာပြီ။ စိတ်မရှည်မှု၊ စိတ်လှုပ် ရှားမှု၊ သံသယ၊ ကြောက်စိတ်တွေနဲ့ ထွေနေတဲ့ ကျွန်မ စိတ်ခံစားမှုကို သိပုံရတဲ့ အန်ဒရေက တခြားကိစ္စတွေစကားပြောရင်းနဲ့ ကျွန်မကို စိတ်ငြိမ်အောင်လုပ်တယ်။ ရှင်းရှင်းပြောရရင် ကျွန်မ အခုတွေ့မယ့် အကြမ်းဖက်သမားကို ကြောက်နေတာ


mgyoe.com

မျိုးတော့ မဟုတ်ဘူး။ ကျွန်မအနေနဲ့ အများကြီးသိလာရတော့မှာ။ မယ်လိုဒီအနေနဲ့ ဒါတွေကို မကိုင်တွယ်နိုင်လောက်ဘူးလို့ ထင်နေမိတယ်။ ကျွန်မ ကွန်ပျူတာဖွင့်လိုက်တော့ အဘူဘီလယ်လ်က ဖေ့စ်ဘွတ်ပေါ်မှာ ရောက်နေပြီး မယ်လိုဒီကို စောင့်နေတယ်။

"ညီမလေး ရောက်ပြီလား" သူက စိတ်မရှည်စွာမေးတယ်။

"Skype မှာတွေ့ကြမလား"

"မယ်လိုဒီလား"

"ဟယ်လို ဟဟ"

"မယ်လိုဒီလား"

"ဆောရီး ဆလမ်မလေးကွန်း၊ မင်းရောက်နေပြီလား"

တနင်္လာနေ့၊ ည ၈ နာရီ

ဟုတ်ပြီ။ အချိန်ရောက်ပြီ။ ကျွန်မ ဆိုဖာပေါ်မှာ ခြေထောက်ချိတ်ထိုင်လိုက်တယ်။ ဆိုဖာက နောက်မှီမြင့်တော့ ကင်မရာကနေ အခန်းကို ပေါ်ပေါ်လွင်လွင်မမြင်ရသလို ကျွန်မကိုလည်း ထင်ထင်ရှားရှား မမြင်ရအောင် ကာကွယ်ပေးထားတယ်။ ပြီးတော့ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက လစ်ဗျားမှာရိုက်ခဲ့တဲ့ နာမည်ကြီးဓာတ်ပုံကိုလည်း အန်ဒရေက နံရံပေါ်ကနေ ဖယ်ထားပေးတယ်။ သူက ဆိုဖာရဲ့နောက် ဖုန်းကင်မရာ မမြင်ရာမှာ နေရာယူထားတယ်။ မယ်လိုဒီက ဘီလယ်လ်ကို စာပြန်ပို့ရင်း အချိန်နည်းနည်းဆွဲထားတယ်။ ကျွန်မ စမတ်ဖုန်းကတော့ စပြီး ဗီဒီယိုပွင့်နေပြီ။ ကျွန်မက လွန်ခဲ့တဲ့ နာရီအနည်းငယ်က ဝယ်လာတဲ့ဖုန်းနဲ့ လုပ်နေတာ။ IS တွေမှာ သူလျှိုတန်ပြန်ထောက်လှမ်းမှု ကျွမ်းကျင်ပညာရှင်တွေ၊ ဟက်ကာတွေရှိနေပြီ။ ဒီတော့ ဘီလယ်ဘ်က ကျွန်မဖုန်းနံပါတ်ကို မသိလေကောင်းလေပဲ။ ဒီတော့ မယ်လိုဒီအတွက် ဖုန်းတစ်လုံးသတ်သတ် ဝယ်ပေးလိုက်တယ်။ ပြီးတော့ မယ်လိုဒီနာမည်နဲ့ Skype အကောင့်အသစ်ဖွင့်လိုက်တယ်။ အဲဒါအပြင် ယူကျူကဗီဒီယိုကိုကြည့်ပြီး ကျွန်မရဲ့ အင်တာနက်အိုင်ပီလိပ်စာကို


mgyoe.com

လျှောက်လုပ်ပြီး နေရာလွှဲထားတယ်။ တစ်ခုခု အမှားအယွင်းဖြစ်သွားခဲ့ရင် ဘီလယ်လ် ကျွန်မကို ရှာမရအောင်ပေါ့။

Skype ရဲ့ဖုန်းမြည်သံက ရွာတစ်ရွာမှာ ဘုရားကျောင်း ခေါင်းလောင်းသံကျနေတာပဲ။ အစိမ်းရောင် ခလုတ်လေး နှိပ်လိုက်တာနဲ့ ကျွန်မ မယ်လိုဒီဖြစ်သွားတော့မယ်။ ကျွန်မ တစ်ချက် အသက်ပြင်းပြင်းရှူလိုက်ပြီး ခလုတ်နှိပ်လိုက်တဲ့အခါ သူ့ကို တန်းတွေ့ရတယ်။ သူကလည်း ကျွန်မကို တွေ့သွားတယ်။ စက္ကန့်အနည်းငယ်လောက် စကားမပြောဖြစ်ကြဘူး။ ဘီလယ်လ်က မယ်လိုဒီကို စိုက်ကြည့်နေတယ်။ သူ့မျက်လုံးတွေက အိုင်းလိုင်နာတွေနဲ့ မည်းနေတုန်း။ သူက ညှို့နေသလို မယ်လိုဒီကလေးကို စိုက်ကြည့်တဲ့အခါ အဲဒီအိုင်းလိုင်နာတွေက မှိန်သလို ဖြစ်သွားတယ်။ ဒီလူကို မျက်နှာချင်းဆိုင်တွေ့ရမှာကို စိုးရိမ်နေလို့လား တော့မသိပါဘူး။ ဒါပေမဲ့ ကျွန်မကို စိတ်ဝင်စားစေတာကတော့ သူရောက်နေတဲ့နေရာ။ ဘီလယ်လ်က သူ့ကားထဲကနေပြီး မယ်လိုဒီကို Skype ကောခေါ်နေတာ။ ကိုင်တဲ့ဖုန်းကလည်း နောက်ဆုံးပေါ်ဖုန်း။ သူနေတဲ့နိုင်ငံက ရေတို့၊ လျှပ်စစ်တို့ လွယ်လွယ်မရတဲ့ နိုင်ငံ။ ဒါတောင် နောက်ဆုံးပေါ်နည်းပညာကိရိယာတွေ ကိုင်နိုင်တယ်။ အင်တာနက်ကလည်း ကောင်းမှကောင်း။ ဒီလိုအခြေအနေမှာ အင်တာနက်ဆိုတာ ကောင်းတာမဟုတ်ဘူး။ ဘီလယ်လ် ပုံဖော်ပြနေပုံက IS ဟာ အကြမ်းဖက်အဖွဲ့အစည်းမဟုတ်ဘဲ NGO အဖွဲ့လိုလို၊ ဘာလိုလို။ ဒါပေမဲ့ သူ့ကိုတော့ ကူညီရေးလုပ်နေတဲ့ ကူညီရေးလုပ်သားလို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး။ သူ့ပုံစံက သန့်လို့ ရှင်းလို့။ ရှေ့တန်းမှာ စစ်တိုက်လာတာ ဆိုပေမဲ့ နှုတ်ခမ်းမွေးတော့ အပြောင်ရိတ်ထားလို့။ သူက သူ့ကိုယ်သူ ဂုဏ်ယူနေတဲ့လူ။ ပခုံးကို နောက်လှန်ချပြီး မေးက ရှေ့ကိုထိုးလို့။ ဒါပေမဲ့ သူလည်း မယ်လိုဒီကို တွေ့ရမှာ စိုးရိမ်စိတ်လှုပ်ရှားနေတယ်လို့ထင်တယ်။ အချိန်တွေအကြာကြီးလို့ ထင်ရတဲ့အခိုက်အတန့်အပြီးမှာ သူက စကားစတယ်။

"ဆလမ်မလေးကွန်း ညီမလေး"



mgyoe.com

ကျွန်မက မီးခိုးခေါင်းတိုင်ကြီးလို ၁၅ နှစ်လောက် ဆေးလိပ်သောက်ထားတဲ့လူဆိုတော့ အသံကို သေးနိုင်သမျှသေး၊ ချိုနိုင်သမျှ ချိုအောင်လုပ်ပြောတယ်။ ပြီးတော့ ကျွန်မ ပြုံးလိုက်တယ်။ ခဏခဏပြုံးခြင်းကို အကာအကွယ်ယူတယ်။ ကျွန်မ စုံစမ်းသူတစ်ယောက် အဲဒီလိုပဲ ပြုံးပြုံးနေမယ်။ ကျွန်မ ဘာပြန်ပြောရမှန်းမသိရင် ပြုံးပြမယ်။ ဒါပေမဲ့ အခုလို အင်တာနက်က ဗီဒီယိုကောခေါ်ပြီး ပြောနေတာက အန်ဒါရေရှိုက်ထားတဲ့ ဗီဒီယိုတွေ ပြန်ကြည့်ရဦးမယ်ဆိုတဲ့ အတွေးက ခေါင်းခြောက်ရတယ်။ အခု အဲဒီဗီဒီယိုက ပြန်ကြည့်တော့ ဖြူစင်ပြီး မသိနားမလည်တဲ့ မယ်လိုဒီလို့ မမြင်ရဘူး။ ကျွန်မအမြင်မှာ ဗီဒီယိုထဲက မယ်လိုဒီဟာ ဘီလယ်လ်နဲ့ စကားပြောနေချိန်မှာ အထင်ကြီးလေးစားနေတဲ့ မိန်းကလေး၊ ပြုံးနေတဲ့ မိန်းကလေးမဟုတ်ဘူး။ ဘယ်သူ့ကိုမြင်လဲဆိုတော့ အနက်ရောင်ဝတ်စုံကြီးဝတ်ပြီး ထိုင်နေကျဆိုဖာမှာထိုင်နေတဲ့ ကျွန်မ အန်နာကိုပဲ မြင်မိတယ်။ ဗီဒီယိုကိုပြန်ကြည့်ရင်း မုန်းလာတယ်။ ပြုံးနေတဲ့မိန်းကလေးက ကျွန်မ။ မယ်လိုဒီမဟုတ်ဘူး။ မယ်လိုဒီဆိုတာ မရှိဘူး။ ဒီကိစ္စမှာ ဝင်ပြီးဟန်ဆောင်တဲ့အပေါ် ရှက်သင့်လား။ ကျွန်မက သိုသိုသိပ်သိပ်နေတတ်တဲ့သူ။ ဟန်ဆောင်တာဆိုပေမဲ့ ကျွန်မပဲလေ။ သည်တော့ ဒီပုံရိပ်တွေပြန်တွေ့တိုင်း စိတ်ထဲမှာတစ်မျိုးကြီး။

မယ်လိုဒီက ထုံးစံအတိုင်း ယဉ်ယဉ်ကျေးကျေးကလေး တုံ့ပြန်တယ်။ ဒါပေမဲ့ ဘာပြောရမှန်းမသိ ဖြစ်နေတယ်။ အန်ဒရေက ကင်မရာထဲ သူ့ပုံမပါအောင်သတိထားရင်း လက်ကြီးရမ်းပြီး လျှောက်ခုန်ပြီး လုပ်ပြနေတယ်။ ကျွန်မက ဘီလယ်လ်ရဲ့စကားကို အဆင်ပြေပြေ ပြန်မပြောနိုင်ဘူး။ အမှန်ဆိုရင် ''ဆလမ်မာလေးကွန်း'' ဆိုရင် ''ဝါလေးကွန်း ဆလမ်''လို့ နှုတ်ဆက်ရမယ်။ လူတိုင်းသိတဲ့ ကိစ္စကို သွားမှားတာရယ်။ ကျွန်မ ရယ်ချင်မတတ်တတ်ဖြစ်နေတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်မနေရာမှာ အန်ဒရေကြီးဖြစ်နေတာကို ကြည့်ချင်သေးတယ်။ ဒါပေမဲ့ ဘာမှလုပ်လို့မရဘူး။ မယ်လိုဒီရဲ့ စကားလုံးတိုင်းကို ဘီလယ်လ်က ဂရုတစိုက်နားထောင်နေတာ။ သူ့အပြော၊ သူက ဆီးရီးယားမှာ၊ ကျွန်မက ပြင်သစ်မှာဆိုပေမဲ့ ကျွန်မမျက်နှာနဲ့ သူ့မျက်နှာက လက်မအတန်ငယ်ပဲ ခြားနေတာ။ ကျွန်မ



mgyoe.com
mgyoe.com

မျက်လုံးကို စခရင်ပေါ်က ခွာလို့မရဘူး။ သူ သတိထားမိမယ်။ ကျွန်မခေါင်းထဲမှာ ရောက်တတ်ရာရာ အတွေးတွေနဲ့ ပြည့်နေတယ်။ သားပိုက်ကောင်လို လျှောက်ခုန်ပြနေတဲ့ အန်ဒရေကို လျစ်လျူရှုထားလိုက်တယ်။ ဘီလယ်လ်ရဲ့ ပထမဆုံးမေးခွန်းကိုကြားတော့ သီးတောင်သီးသွားတယ်။

''ဘာတွေထူးလဲ''

တကယ်ကြီးလား။ သူ့အနေနဲ့ မယ်လိုဒီရဲ့ တစ်နေ့တာ ဘယ်လိုရှိမလဲ စိတ်ဝင်စားမယ်လို့ မထင်ထားဘူးရယ်။ သာမန် မေးခွန်းလေးမှာ ရုတ်တရက် ပိတ်မိသွားပြီး ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားတယ်။

''အများကြီးပဲ။ ဒါပေမဲ့ ကျွန်မက ရှက်တတ်တယ်။ ရှင့်အကြောင်း အရင်ပြောပြပါဦး''

''ညီမလေးက ဘာသိချင်တာလဲ''လို့ သူက ယုံကြည်မှုအပြည့်နဲ့ ပြုံးရင်း မေးတယ်။

သူ ငါးစာတော့ဟပ်ပြီ။ မယ်လိုဒီရဲ့ဘဝဟာ သူ့အတွက် သိပ်စိတ်ဝင်စားစရာရှိပုံမရ။ မယ်လိုဒီအတွက်တော့ မကောင်းဘူး။ ကျွန်မအတွက်တော့ ကောင်းတယ်။ ပြောရရင် ကျွန်မကလည်း မေးခွန်းတွေအများကြီးမေးပြီး သူ သံသယဝင်လာအောင်၊ ကျွန်မ ဟန်ဆောင်ထားတာ ပေါ်အောင် မလုပ်ချင်ဘူး။ ဂျာနယ်လစ်တွေ၊ ရဲတွေအများကြီး ရုပ်ဖျက်ဟန်ဆောင်တတ်ကြတာကို ISIS က ကောင်းကောင်းသိတယ်။ မယ်လိုဒီက အသက်နှစ်ဆယ်ပဲ ရှိသေးတယ်။ ကမ္ဘာကြီးအကြောင်း သူ့အသိက သူ့အသက်နဲ့ ဟပ်ဖို့လိုတယ်။ သူက နိုင်ငံရေးအကြောင်း၊ ပထဝီနိုင်ငံရေးအကြောင်း၊ ဘာသာရေးစစ်ပွဲတွေအကြောင်း အများကြီးမသိဘူး။

''ဆီးရီးယားက မူဂျာဟစ်တစ်ယောက်နဲ့ စကားပြောခွင့်ရတာ ယုံတောင် မယုံနိုင်ဘူး''လို့ အထင်ကြီးဟန်နဲ့ မယ်လိုဒီက ပြောတယ်။

''တူလူဇ်မှာနေတဲ့ ကျွန်မထက်တောင် ရှင်က အင်တာနက်ကောင်းနေပုံပဲ၊ ကျွန်မဆိုရင် ကွန်ပျူတာကို အစ်မနဲ့မျှပြီးသုံးတယ်။ အမေက ခဏခဏသိမ်းသွား



mgyoe.com

mgyoe.com

တတ်သေးတယ်။ ရှင်ကတော့ ကားပေါ်မှာအခန့်သား။ မယုံနိုင်စရာပဲ။ ရှင့်ဖုန်းဆိုရင်တောင် ကျွန်မဖုန်းထက် သစ်နေသေးတယ်''

မယ်လိုဒီရဲ့ စရိုက်ပေါ်အောင် လုပ်နေတာဖြစ်သလို တစ်ဖက်မှာလည်း နောက်မှာ အင်တာနက်သုံးခွင့်မရလို့ဆိုပြီး အကြောင်းပြလို့ရအောင် လုပ်နေတာ။ မိသားစုနဲ့အတူနေတာ။ ဒါကြောင့် အမြဲတမ်း စကားပြောလို့ မရဘူးဆိုတဲ့ အကွက်ပေါ့။

''ဆီးရီးယားက သိပ်အံ့သြဖို့ကောင်းတယ်။ ကိုယ်တို့ဆီမှာ အကုန်ရှိတယ်။ မာရှာအလ္လာ။ ကိုယ်ပြောတာ ယုံလိုက်။ ဆီးရီးယားဟာ နိဗ္ဗာန်ဘုံပဲ။ အမျိုးသမီးတော်တော်များများက ကိုယ်တို့ကို စိတ်ကူးယဉ်ကြတယ်။ ကိုယ်တို့က အလ္လာရဲ့ စစ်သည်တွေလေ''

''ဒါပေမဲ့ ရှင်ပြောတဲ့ နိဗ္ဗာန်ဘုံဆိုတဲ့နေရာမှာ နေ့တိုင်း လူတွေ သေနေတာလေ''

''မှန်တယ်၊ သတ်ဖြတ်နေတာတွေ ရပ်တန့်ဖို့ ကိုယ် နေ့တိုင်းစစ်တိုက်နေတယ်။ ဒီနေရာမှာ ရန်သူက မကောင်းဆိုးဝါးပဲ။ မင်း မသိပါဘူး။ ရန်သူက ဆင်းရဲသားဆီးရီးယား ပြည်သူတွေဆီက ခိုး၊ ပြည်သူတွေကို သတ်လုပ်နေတာ။ အဲဒီရန်သူက အမျိုးသမီးတွေကိုလည်း မုဒိမ်းကျင့်တယ်။ ကိုယ်တို့ကို တိုက်ခိုက်တယ်။ ကိုယ်တို့က ငြိမ်းချမ်းရေးကို ကာကွယ်နေကြတာ''

''ရန်သူဆိုတာ ဆီးရီးယားသမ္မတလား''

''သူက တခြားရန်သူတွေထဲကတစ်ယောက်ပေါ့။ ကိုယ်တို့မှာ ရန်သူတွေ အများကြီးရှိတယ်''

အာဆတ်အစိုးရအပြင် အယ်လ်နာ့စ်ရာတပ်ဦးအဖွဲ့ (အယ်ကိုင်ဒါရဲ့ လက်နက်ကိုင်အဖွဲ့ခွဲ)၊ ဆီးရီးယားတွေ၊ ပြီးတော့ မယုံကြည်သူ ဒိဗ္ဗိတွေလို့ သူယူဆတဲ့လူတွေကိုလည်း သူက ရည်ညွှန်းပြီး ပြောသွားတယ်။ ISIS အနေနဲ့ သူတို့အဖွဲ့အစည်းရဲ့ စည်းမျဉ်းတွေ မလိုက်နာရင် (အစကတည်းက အလာဝိုက် အာဏာရှင်အစိုးရရဲ့ ဖိနှိပ်မှုခံနေရတဲ့) ဆီးရီးယားပြည်သူတွေကို သတ်ဖြတ်


mgyoe.com

mgyoe.com
SAMPLE BOOK


နှိပ်စက်ဖို့ ဝန်လေးတာမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မနဲ့ စကားပြောနေတဲ့ အကြမ်းဖက်သမားက ဒီကိစ္စတွေကို အသေးစိတ်ပြောလိုဟန်မရှိဘူး။ သူ နေ့တိုင်း ကျူးလွန်နေတဲ့ အကြမ်းဖက်မှုတွေ အသေးစိတ်ပြောပြခြင်းဟာ သူ့ပစ်မှတ်ကို သိမ်းသွင်းဖို့ အဆင်ပြေတဲ့ ဗျူဟာတွေမဟုတ်ဘူး။ အထူးသဖြင့် အကြမ်းဖက်မှု ကျူးလွန်ခံရတဲ့သူတွေမှာ အားနည်းသူတွေပါတဲ့အခါ ပိုဆိုးတယ်။ သူက မယ်လိုဒီကို အနားပေးလိုဟန်မရှိဘူး။

"မင်းက သိပ်စပ်စုပါလားကွ" ဘီလယ်လ်က ပြောတယ်။

"ကိုယ့်ကို ပြောပါဦး။ နေ့တိုင်း ဟေဂျပ်ဝတ်လား"

ကျွန်မ အရင်ကတွေ့ဖူးတဲ့ အစ္စလာမ်ဘာသာ တိတ်တိတ်ကလေး ပြောင်းထားတဲ့ မိန်းကလေးအများစု ပြောနေကျစကားကို မယ်လိုဒီက ပြန်ပြောပြတယ်။

"မနက်ခင်းမှာဆို ပုံမှန်ပဲ ဝတ်တယ်။ အမေကိုနှုတ်ဆက်ပြီး အပြင်ရောက်တာနဲ့ ဂျဲလာဘာဝတ်စုံနဲ့ မျက်နှာဖုံးဇာပါးကို ဝတ်တယ်"

"ကောင်းတယ်၊ ကိုယ် မင်းကို ဂုဏ်ယူတယ်။ မင်းလုပ်နေတာတွေက သိပ်ကို သတ္တိရှိတာပဲ။ မင်းမှာ လှပတဲ့ဝိညာဉ်ရှိတယ်။ ပြီးတော့ အပြင်ပန်းလည်း ချောတယ်"

ဘီလယ်လ်က မယ်လိုဒီကို စားမတတ် ဝါးမတတ်ကြည့်နေတယ်။ မယ်လိုဒီက ပတ်ဝန်းကျင်ကို ပြပါဦးလို့ ပြောတယ်။ သူက အလက်ပိုမြို့နားမှာ လို့ပြောတယ်။ သူဟာ ရက်ကာမြို့အပြင်ဘက် မိုင်တော်တော်လှမ်းလှမ်းမှာပဲ ရှိလောက်မယ်။ ရက်ကာက ISIS ရဲ့ ရုံးချုပ်၊ လူရိုင်းဆန်တဲ့ လုပ်ဆောင်ချက်တွေကတစ်ဆင့် ဒေသခံတွေကို သူတို့အဖွဲ့ရဲ့ ဥပဒေတွေ၊ တင်းကျပ်တဲ့ မူဝါဒတွေကို လက်ခံနိုင်းတဲ့နေရာလည်း ဖြစ်တယ်။

"ဇနီးကိုရွေးတဲ့အခါ အကျင့်စာရိတ္တကိုအခြေခံပြီး ရွေးရမယ်လို့ တမန်တော်က မိန့်တော်မူတယ်။ အတွင်းစိတ်အလှသာလျှင် တကယ့်အလှစစ်စစ်။ ဒါပေမဲ့ မိန်းမတစ်ယောက် အတွင်းစိတ်ရော၊ အပြင်ပါလှရင်တော့"


mgyoe.com

mgyoe.com


ဘီလယ်လ်ဟာ နှုတ်ခမ်းကိုက်လိုက်ပြီး ကျွန်မကိုစိုက်ကြည့်တယ်။ ကျွန်မ ပြုံးလိုက်တယ်။ မယ်လိုဒီတောင်းဆိုတာကို လုပ်ပေးတဲ့အနေနဲ့ ကားထဲကနေ ထွက်လိုက်တယ်။ သူ့စမတ်ဖုန်းကင်မရာကတစ်ဆင့် ပြာကျပျက်စီးနေတဲ့ ဆီးရီးယားရဲ့ပုံတွေကိုပြတယ်။ လူတစ်ယောက်မှမတွေ့ရ။ အချိန်က ဆီးရီးယားမှာ ည ၉ နာရီ။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လို့။ အဲဒီအချိန်မှာ အမျိုးသားအသံ ဩဩတွေက ဆိတ်ငြိမ်ထုကို ဖောက်ထွက်လာတယ်။

"ဘာမှ မပြောနဲ့" ဘီလယ်လ်က စိတ်လှုပ်ရှားစွာ အမိန့်ပေးတယ်။

"မင်းကို ဘယ်သူမှမြင်တာ၊ အသံကြားတာမျိုး မလိုချင်ဘူး။ မင်းက ကိုယ့်ရဲ့ရတနာလေ။ မင်းကဖြူစင်တယ်၊ ဟုတ်ပြီလား။ နားလည်လား၊ နားလည်လား ကိုယ့်ကိုပြော"

မယ်လိုဒီက နားလည်တယ်လို့ပြောတယ်။ စကားပြောလို့ရပြီလို့ မပြောမချင်း သူ အသံပြုမှာမဟုတ်ဘူး။ သဘောက သူတို့ပြောနေတာတွေကို ကျွန်မ နားထောင်လို့ရအောင်ပေါ့။ တခြားလူနှစ်ယောက်ရဲ့အသံကို ကြားရတယ်။ သူတို့ အာရဗီဘာသာစကားနဲ့ နှုတ်ဆက်ကြတယ်။ ပြီးတော့ ပြင်သစ်လိုပြောင်းပြီးပြော ကြတယ်။ ပြင်သစ်ဘာသာစကားက သူတို့မိခင်ဘာသာစကားဖြစ်ဟန်ရှိတယ်။ သူတို့ အများကြီးရယ်ကြတယ်။ အဲဒီကောင်တွေကို သတ်ပစ်လိုက်နိုင်တဲ့အတွက် အချင်းချင်း ဂုဏ်ပြုကြတယ်။

"ဆလမ်မာလေးကွန်း၊ ဘာတွေထူးလဲ" တစ်ယောက်ကမေးတယ်။

"အချိန်ပိုလုပ်နေတာလား၊ ဒါမှမဟုတ် တခြားဟာတွေ လုပ်နေတာလား"

"ကျွန်တော် ကင်းလှည့်နေတာ အစ်ကို။ ကင်းတာဝန်။ ဘာမှတော့ မထူးဘူး။ ဒီနေရာကို အကုန်ရှင်းပြီးပြီ။ သိတယ်မဟုတ်လား"

သူတို့စကားပြောပြီးတော့ ယုတ်မာတဲ့အပြုံးတစ်ခု သူ့မျက်နှာပေါ် ဖြတ်ပြေးသွားတယ်။ ကင်မရာမြင်ကွင်းအနေအထားကြောင့် နည်းနည်း အခက်အခဲရှိပေမဲ့ သူ့မျက်နှာအနေအထားကို မြင်လိုက်နိုင်တယ်။ "ရှင်းပြီးပြီ"ဆိုတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

စကားက သူတို့လက်နက်ကိုင်အဖွဲ့က အဲဒီဧရိယာကို သိမ်းပြီးပြီလို့ ဘီလယ်လ်က ပြောတာ။ ကွန်ကရစ်ပေါ်မှာ ကျွန်မမြင်လိုက်တဲ့ ခြောက်နေတဲ့သွေးကွက်တွေဟာ တိုက်ပွဲဖြစ်သွားတယ်ဆိုတာရဲ့သက်သေပဲ။ IS တံဆိပ်နဲ့ အလံက ခပ်လှမ်းလှမ်းမှာ လွင့်လို့။ သူတို့ ကိစ္စတော်တော်များများ ပြောနေကြတာကို ကျွန်မ နားထောင်နေလိုက်တယ်။ အဲဒီအထဲမှာ "အမေရိကန်က ကုန်သေတ္တာ" နဲ့ "ချောကလက်ချောင်းတွေ"နဲ့ပတ်သက်ပြီး ဘီလယ်လ် စိတ်မရှည်ဖြစ်နေတာကိုလည်း ကြားလိုက်ရတယ်။ ကျွန်မနဲ့ အန်ဒရေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ တခြားလူနှစ်ယောက်က ဘီလယ်လ်ကို လေးလေးစားစားဆက်ဆံနေကြတာ တွေ့ရတယ်။ ပြီးတော့ သူ့ကို ခဏခဏ ဂုဏ်ပြုစကားပြောကြတယ်။ သူတို့ အပြန်အလှန်ပြောနေကြတာ ခဏလေးဆိုတော့ ဘာရယ်လို့ တိတိပပ ကောက်ချက်ချဖို့ ခက်နေတယ်။ ဒါပေမဲ့ သူ့ကို ယဉ်ယဉ်ကျေးကျေး ခေါ်ပြောနေတာကို ထောက်ခြင်းအားဖြင့် ကျွန်မနဲ့ ဆက်သွယ်နေတဲ့လူက သူတို့ထက် အဆင့်မြင့်တဲ့ အရာရှိဖြစ်မယ်။ တစ်မိနစ်လောက်ကြာတဲ့အခါ သူက သူ့လူတွေကို နှုတ်ဆက်လိုက်ပြီး ဖုန်းထဲကကျွန်မကို စကားပြောတယ်။ မယ်လိုဒီ ဖုန်းချသွားမှာကို စိုးရိမ်နေတယ်။

"ဪ မင်းရှိနေသေးတာပဲ၊ အရမ်းလှ"

"သူတို့ ဘယ်သူတွေလဲ"

"လာနှုတ်ဆက်ကြတဲ့ စစ်သားတွေပါ"

"ဪ၊ ရှင့်ဆီ လာသတင်းပို့နေကြသလိုပဲ။ ရှင်က မကြွားချင်ပေမဲ့ ရှင်ဟာ သူတို့ရဲ့ အထက်အရာရှိ ဒါမှမဟုတ် တစ်ခုခုပဲ"

"ဟုတ်တယ်၊ ကိုယ်မကြွားချင်ဘူး။ ဒါပေမဲ့ လူတွေက ကိုယ့်ကို လေးစားကြတယ်"

"ဘာဖြစ်လို့လဲ၊ ရှင်က ခေါင်းဆောင်လား"

ဘီလယ်လ်က သူ့ကိုယ်သူ နှိမ့်နှိမ့်ချချနဲ့ပြောတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ခန့်မှန်းမိတာပဲ။ ဒါပေမဲ့ ကိုယ် မကြွားချင်ပါဘူး။ ဒီကိစ္စကို ကိုယ်တို့နှစ်ယောက်ကြားထဲ ထားရအောင်၊ ဒီမှာက ကိုယ်တို့ဟာ အတူတူတွေပဲ"

"ရှင့်ကြည့်ရတာ တကယ် သန္နိဋ္ဌာန်ခိုင်မာပုံပဲ။ ရှင့်အလုပ် ဘာလဲ မေးပါရစေ"

"လူသတ်တာ"

"လူသတ်တာက ရှင့်အလုပ်ဟုတ်လား။ ပြောချင်တာက အဲဒါ အလုပ်လား"

"ဟုတ်တာပေါ့၊ ဒီမှာ ကိုယ် အရမ်းကြိုးစားပြီးလုပ်နေတာ။ မက်ကလပ် မဟုတ်ဘူးလေ"

"ရှင်က ဒိဋ္ဌိတွေကို သတ်တာလား"

"ဟုတ်တယ်၊ သစ္စာဖောက်တွေကိုရောပဲ။ ကမ္ဘာကြီးကို အစ္စလာမ် ဘာသာက လွှမ်းမိုးမယ့်ကိစ္စကို တားဆီးနေတဲ့လူမှန်သမျှကို သတ်တယ်"

"ရှင်ဆိုလိုတဲ့သဘောက ကမ္ဘာကြီးကိုသိမ်းဖို့ စီစဉ်ထားသလား"

"ကိုယ်တို့ရဲ့ခေါင်းဆောင် အဘူဘာကာ အယ်ဘာဒါဒီက နယ်စပ်တွေ အကုန်လုံးကို ဖြိုဖျက်ဖို့ ကြိုးစားနေတာ။ အချိန်တော့ယူရမယ်။ ဒါပေမဲ့ မကြာခင် ကမ္ဘာကြီးဟာ မွတ်ဆလင်နယ်မြေကြီး ဖြစ်သွားမယ်"

"တကယ်လို့ ကမ္ဘာကြီးက ဆန့်ကျင်ရင်ကော"

"ဒါဆို ကိုယ်လည်း လုပ်စရာတွေအများကြီး ရှိလာမှာပေါ့။ အချိန်မီ အောင်မြင်မှာပါ"

"လုပ်စရာတွေ အများကြီးဟုတ်လား။ သဘောမတူတဲ့လူတွေ အကုန် လုံးကိုသတ်မှာလား"

"ကိုယ်နဲ့ ကိုယ့်လူတွေ လုပ်ရမှာပဲ။ ကိုယ်တစ်ယောက်တည်းတော့ လုပ်လို့မရဘူး။ အင်ရှာ အလ္လာ"

"ရက်ကာမြို့ကို သိမ်းပိုက်တုန်းက ရှင်ပါမှာပဲ။ IS အကြောင်း ဓာတ်ပုံတွေ နေရာတကာမှာ တွေ့ရတယ်"


mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၃ မတ်လမှာဖြစ်ခဲ့တဲ့ ရက်ကာမြို့တိုက်ပွဲက ISIS တွေရဲ့ သွေးထွက်သံယို အောင်မြင်မှုတွေထဲက တစ်ခုပဲ။ အဲဒီတိုက်ပွဲဟာ ဒီအဖွဲ့ရဲ့ သန္နိဋ္ဌာန်ခိုင်မာမှုအကြောင်း ကမ္ဘာကြီးကို သက်သေပြခဲ့တယ်။ သူတို့အဖွဲ့ရဲ့ စစ်သားတွေဟာ အနက်ရောင်အလံတွေ နေရာတိုင်းမှာလွှင့်၊ ရန်သူတွေရဲ့ ခေါင်းကို သံချွန်မှာထိုးပြီး ပန်းခြံထဲမှာ ထောင်ထားကြတယ်။ ခေါင်းဖြတ်ထားတဲ့ အလောင်းဓာတ်ပုံတွေဟာ ဝါဒဖြန့်လက်နက်တွေသဖွယ် ကမ္ဘာပေါ် ပျံ့နှံ့သွားတယ်။ မယ်လိုဒီတောင် ဒီပုံတွေကို တွစ်တာမှာတွေ့ဖူးတယ်။ အာရုံစိုက်ဖို့လိုတဲ့အတွက် ကျွန်မဟာ ပြန်ပြီးသတိကပ်ထားတယ်။ ဘီလယ်လ်ရဲ့ ရှုးသွပ်မှုအကြောင်း စဉ်းစားဖို့ နောက်မှာ အချိန်တွေရှိပါသေးတယ်။

"မင်းက သိပ်ရယ်ရတာပဲ၊ ဟုတ်တာပေါ့။ အဲဒီလိုလူတွေကို ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းပစ်မှာ။ ရှုးလောက်စရာပဲ။ မင်းကို ပုံတွေပို့ပေးမယ်"

တကယ်ပို့လာတယ်။ အဲဒီလိုရက်စက်ကြမ်းတမ်းတဲ့ မှတ်ဉာဏ်တွေဟာ သူ့ကိုပျော်အောင်လုပ်ပေးတယ်။ ဟန်တောင် မဆောင်ဘူး။

"ဘာပဲဖြစ်ဖြစ် မင်း ဒါတွေကို စိတ်မဝင်စားဘူး မဟုတ်လား။ မင်း မေးခွန်းတွေအများကြီး မေးလှပါလား။ မင်းအကြောင်း ပြောပြပါဦး"

"တစ်ခု အရင်သိချင်တယ်။ ရှင်က ကမ္ဘာကြီးကို သန့်ရှင်းဖို့အတွက် မကောင်းတဲ့လူတွေကို သတ်ပစ်တာလို့ ပြောတယ်လေ။ ဒါပေမဲ့ ဘာလို့ ခေါင်းဖြတ်တာလဲဟင်။ ပြီးတော့ ရှင်တို့လုပ်နေတာက မြင့်မြတ်တဲ့အလုပ်ဆိုရင် ဘာလို့ လူရိုင်းဆန်တဲ့အလုပ်တွေ လုပ်နေတာလဲ"

"ကိုယ်တို့ လူတွေကို ရှင်းပစ်ပြီးတော့ နယ်မြေတွေကိုသိမ်းပိုက်တာ။ ဒါပေမဲ့ တစ်ယောက်ချင်းဆီမှာ သတ်မှတ်ထားတဲ့အလုပ်တွေ ရှိတယ်။ ကိုယ် မကြွားချင်ပါဘူး။ ဒါပေမဲ့ ကိုယ်ဟာ အရမ်းအရေးပါတဲ့လူတစ်ယောက်။ ဒီတော့ တချို့ကိစ္စတွေကို ခေါင်းဆောင်ကြီးကြပ်ရတာရှိတယ်။ ကိုယ် အမိန့်ပေးရတယ်။ ဒိဋ္ဌိတွေ သေသွားတဲ့အခါ ခေါင်းဆောင်က သူတို့အလောင်းတွေကို ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်တယ်"


mgyoe.com

mgyoe.com SAMPLE BOOK

''ဘာအဓိပ္ပာယ်လဲ''

''ဒီလိုလေ။ မင်း ဗီဒီယိုတွေ၊ ဓာတ်ပုံတွေ မြင်ဖူးတယ်လို့ ပြောတယ် မဟုတ်လား။ အဲဒီနေ့ကဆိုရင် ရက်ကာမြို့ကခေါင်းဆောင်က ရန်သူ့အလောင်း တွေကို ခေါင်းဖြတ်ဖို့အမိန့်ပေးတယ်။ ဒီလောက်ဆိုတော်လောက်ပြီ၊ မင်းအကြောင်း ပြောပြပါဦး''

''အင်း၊ ဒါပေမဲ့ ကျွန်မက အရမ်းရှက်တတ်တာ။ ရှင့်ကားကို အရင်ပြ ပါဦး။ ရှင့်မှာ စိတ်ဝင်စားစရာပစ္စည်းတွေ ရှိပုံရတယ်''

ဘီလယ်လ်က ကျေကျေနပ်နပ်ကြီး သူ့ကားကိုကြွားတယ်။ သူနဲ့ မြန်းထားပြီးသားလို့ သူ့ဟာသူ သတ်မှတ်ထားတဲ့ မယ်လိုဒီက သူ့ကိုအထင်ကြီး ချီးမွမ်းတိုင်း သူက ကျေနပ်နေတာ။ ကားနောက်ခုံက ပစ္စည်းတွေကြားမှာရှိနေတဲ့ အဖြူရောင်အသေးစားစက်သေနတ်က သိပ်လှတာပဲလို့ မယ်လိုဒီကပြောတယ်။ ဘီလယ်လ်က အဲဒီသေနတ်ကိုယူပြီး နောက်ကျရင် မယ်လိုဒီကို ပေးမယ်လို့ ပြောတယ်။ ပြီးတော့ ရယ်ရင်း ပြောတယ်။

''မင်း ဒီသေနတ်ကိုကြိုက်တာ ကိုယ်မအံ့ဩပါဘူး။ ဒီမော်ဒယ်က ပစ်ရသုံးရတာလွယ်တော့ အမျိုးသမီးတွေ ကြိုက်ကြတယ်။ မင်း သေနတ်တွေ ကြိုက်လား။ ချစ်စရာကောင်းတဲ့ ကလက်ရှ် နီကော့သေနတ်က စပြီး သေနတ်တွေ အများကြီးပေးမယ်''

သူ့မျက်နှာအနေအထားကိုကြည့်ရတာ ရိုးရိုးသားသားပြောနေဟန် ရှိတယ်။

''ပိုပြီးသိချင်သေးတယ်။ ဒီဟာတွေက ဘာသာရေးနဲ့ ဘာဆိုင်လဲ''

''အလ္လာအရှင်ရဲ့ လမ်းကြောင်းထဲရောက်လာအောင် မင်းကို ဘာက လမ်းညွှန်ပေးခဲ့တာလဲ''

ကျွန်မလေ စီးကရက်သောက်ချင်လိုက်တာဆိုတာ မပြောပါနဲ့တော့။ အခုလောလောဆယ်မှာ ဘာမှ မစဉ်းစားနိုင်ဘူး။ မယ်လိုဒီဟာ တကယ်ရှိနေတာ မဟုတ်ဘဲ ဖြစ်တည်နေတာ နှစ်တွေအများကြီးကြာပြီ။ ပြောရရင် ဖေ့စ်ဘွတ်


mgyoe.com

mgyoe.com

ပေါ်က နာမည်လေးတစ်ခုအဖြစ်ပဲရှိခဲ့တာ။ ဒီမနက်အထိ ဘီလယ်လ်အတွက် ဒီအပိုင်းကို ဟန်ဆောင်ရလိမ့်မယ်လို့ မစဉ်းစားဖူးဘူး။ ပြီးတော့ လမ်းပျောက်ပြီး အရမ်းထိရှလွယ်တဲ့ မိန်းကလေးတစ်ယောက်အကြောင်း နောက်ခံဇာတ်ကြောင်းကို လုပ်ကြံဖန်တီးဖို့လိုမယ်လို့လည်း မတွေးခဲ့မိဘူး။ မယ်လိုဒီအတွက် ဘဝ 'အမှန်'ကို ဖန်တီးဖို့ အချိန်မရခဲ့ဘူး။ ကျွန်မမျက်စိရှေ့ကာ မျက်နှာဖုံးဇာပါးက ယားလာတယ်။ ကျွန်မ အန်ဒရေကို လှမ်းကြည့်လိုက်တယ်။ အမြဲအငြိမ်မနေတဲ့ အန်ဒရေက အခုတော့ ကြက်သေသေလို့။

စကားပြောစရာမရှိ ဖြစ်နေပြီးနောက် မယ်လိုဒီက ထစ်ငေါ့ထစ်ငေါ့နဲ့ စကားစပြောတယ်။

"အဖေက ကျွန်မငယ်ငယ်ကတည်းက ကျွန်မတို့မိသားစုကိုထားခဲ့တာ။ အမေက ကျွန်မတို့နှစ်ယောက်ကို ရှာကျွေးဖို့ အလုပ်တွေများတဲ့အချိန်တွေဆို ဦးလေးတွေနဲ့ နေခဲ့ရတာ။ ကျွန်မဝမ်းကွဲတစ်ယောက်က မွတ်ဆလင်။ သူကိုးကွယ်တဲ့ဘာသာကြောင့် သူခံစားရတဲ့ အတွင်းစိတ်ငြိမ်းချမ်းမှုကိုကြည့်ပြီး သိပ်သဘောကျခဲ့တာ။ သူက ကျွန်မကို အစ္စလာမ်ဘာသာဆီရောက်အောင် လမ်းညွှန်ပေးခဲ့တာ"

"မင်း အယ်လ်ရှမ်ကိုလာမယ့်အကြောင်း သူသိလား"

အကုန်လုံး ဆုံးဖြတ်ပြီးပြီလို့ သူက ယူဆနေတာ။ သူ့အလိုအရ မကြာခင် မယ်လိုဒီ ဆီးရီးယားကို ရောက်လာတော့မှာ။

"ကျွန်မ သွားချင် မသွားချင် မသေချာသေး"

"ကိုယ်ပြောမယ် မယ်လိုဒီ။ တခြားအရာတွေအပြင် လူသစ်စုဆောင်းတာဟာ ကိုယ့်အလုပ်ပဲ။ ကိုယ်က ကိုယ့်အလုပ်ကို ကျွမ်းကျင်တယ်။ မင်းကိုယ့်ကို ယုံကြည်လို့ရတယ်။ မင်းကို ဒီမှာ အသေအချာ စောင့်ရှောက်ထားမှာ။ မင်းဟာ အရေးပါတဲ့လူ ဖြစ်လာမှာ။ မင်းသာ ကိုယ့်ကိုလက်ထပ်ဖို့ သဘောတူရင် မင်းကို ဘုရင်မတစ်ပါးလို ကိုယ်က သဘောထားမှာ"


mgyoe.com

တနင်္လာနေ့၊ ည ၉ နာရီခွဲ

သူ့ကိုလက်ထပ်ရမယ် ဟုတ်လား။ ကျွန်မ ထွက်ပြေးတဲ့အနေနဲ့ Skype ကနေ ထွက်လိုက်တယ်။ ဟောဂျပ်ကို လည်ပင်းအထိ ဆွဲချရင်း အန်ဒရေဘက် လှည့်လိုက်တယ်။ အန်ဒရေကလည်း ကျွန်မလိုပဲ ကြက်သေသေနေတယ်။ တစ်ယောက်နဲ့တစ်ယောက် ငေးကြည့်နေမိကြတယ်။ "ဟာ လခွမ်း"ဆိုတဲ့ စကားလုံးကလွဲပြီး ကျန်တာ ဘာမှ မပြောနိုင်ဖြစ်နေကြတယ်။ ကျွန်မတို့အနေနဲ့ အဲဒီနေရာမှာပဲ အားလုံး အဆုံးသတ်လိုက်လို့ရတယ်။ ဒါပေမဲ့ အခု အဆုံးသတ်ဖြစ်မှာတော့ မဟုတ်ဘူး။ ကျွန်မတို့ ပိုလို့ချင်သေးတယ်။ ကျွန်မ စုံစမ်းထောက်လှမ်းတဲ့ ရည်ရွယ်ချက်ကလည်း ပိုသိရအောင်လုပ်ဖို့ပဲ။ တကယ်လို့ ဘီလယ်လ်ကသာ လူချင်းတွေ့ပြီး လက်ထပ်ခွင့်တောင်းတာဆိုရင် ကျွန်မ ထွက်ပြေးလောက်တယ်။ ဒါပေမဲ့ အခုတော့ စခရင်ခြားထားလို့ တော်သေး။

"သောက်ရူးကောင်ပဲ" အန်ဒရေက ပေါက်ကွဲတယ်။ "သူက နင့်ကို အခုချက်ချင်း လက်ထပ်ချင်တာတဲ့လား"။ သူက ဘီလယ်လ်ကို တိုက်ရိုက်ပြောနေသလိုမျိုး ကျွန်မကို အော်ပြောတယ်။

အန်ဒရေက IS အဖွဲ့ရဲ့ ဝါဒဖြန့်တဲ့နည်းလမ်းတွေကို ကောင်းကောင်းသိတယ်။ ဒါပေမဲ့ ရုတ်တရက်မပြောပြနိုင်တဲ့ အမှန်တရားနဲ့ ရင်ဆိုင်လိုက်ရတယ်။ သူက ၁၃ နှစ်သမီး အမြွာကလေးနှစ်ယောက်ရဲ့အဖေ။ အကြမ်းဖက်အဖွဲ့အစည်းက ကလေးတွေကို ပစ်မှတ်ထားနေတယ်ဆိုတဲ့အသိက သူ့ကို စက်ဆုပ်တဲ့ ခံစားမှုတွေပေးတယ်။ အန်ဒရေက ပြင်သစ်မှာမွေးတာ။ သူ့အဖေက အယ်လ်ဂျီးရီးယားအရှေ့ပိုင်းက ကာဘိုင်းလူမျိုးတွေထဲကတစ်ယောက်။ သူ့အမေက စပိန်သူ။ သူက ဘုရားသခင်ကို ယုံကြည်တယ်။ ဒါပေမဲ့ သူ အရမ်းဆုတောင်းစရာရှိလို့ ဘုရားကျောင်းမှာ ဖယောင်းတိုင်ထွန်းတာမျိုးကလွဲရင် ဘာသာကို မည်မည်ရရ ကိုးကွယ်တာမဟုတ်ဘူး။ သူ့မှာ ဘာသာတရားယုံကြည်မှုဆိုပြီး ရိုးရိုးကလေးပဲရှိတယ်။ သူငယ်ငယ်တုန်းက ဘီလယ်လ်လိုလူမျိုးတွေ ကြုံဖူးတယ်။ အဲဒီတုန်းက ပြင်သစ်နိုင်ငံကလည်း ဒီလိုကိစ္စတွေကို သိပ်ဂရုမစိုက်လှသေးဘူး။ လက်နက်


mgyoe.com

mgyoe.com SAMPLE BOOK

အင်အားသုံးပြီး တည်ထောင်ထားတဲ့ ISIS ရဲ့ ခေါင်းဆောင်ပိုင်းကို အန်ဒရေက ခါးခါးသီးသီးမုန်းနေတာ။ ဘီလယ်လ် လက်ထပ်ခွင့်တောင်းလာတဲ့အပေါ် ကျွန်မ ဘယ်လို တုံ့ပြန်ရမလဲ။ မယ်လိုဒီအနေနဲ့ လက်မထပ်ရသေးတော့ ဆီးရီးယားကို တစ်ယောက်တည်း မသွားချင်ဘူးဆိုပြီး ရှင်းပြလိုက်လို့ အန်ဒရေက အကြံ ပေးတယ်။ တကယ်လို့ မယ်လိုဒီက လိုက်သွားမယ်လို့ ဆုံးဖြတ်လိုက်ရင်ကော။

ဘီလယ်လ်ဖုန်းပြန်ဆက်လာတယ်။ အန်ဒရေက ဆေးလိပ်ထွက်သောက် နေတယ်။ ကျွန်မလည်း ဆေးလိပ်တစ်ဖွာလောက် ရှိုက်လိုက်တယ်။ ISIS တွေ ကတော့ ဆေးလိပ်နဲ့အရက်ကို တင်းတင်းကျပ်ကျပ် တားမြစ်ပြီး ပြင်းပြင်းထန်ထန် အပြစ်ပေးတယ်။ ဘီလယ်လ်ကို ဖုန်းပြန်ဖြေတဲ့အခါမှာတော့ အင်တာနက်လိုင်းကျ သွားလို့ဆိုပြီး အကြောင်းပြတယ်။ ပြီးတော့ အန်ဒရေအကြံပေးတဲ့အတိုင်း ရှင်းပြတယ်။ တကယ်လို့ ဆီးရီးယားကိုသွားမယ်လို့ ဆုံးဖြတ်တဲ့အခါကျရင်တော့ အစ်ကိုဝမ်းကွဲကိုပါ ခေါ်လာမယ်လို့ ပြောလိုက်တယ်။ ပထမအချက်က မိန်းမ ကောင်းဆိုတာ တစ်ယောက်တည်းခရီးမသွားဘူး။ ဒုတိယအချက်ကတော့ သူ့အစ်ကိုဝမ်းကွဲကလည်း မယ်လိုဒီ အခုလိုလုပ်မှာကို ကူညီချင်လို့ဆိုပြီးတော့ ရှင်းပြတယ်။

"မင်းခေါ်ချင်လည်း ခေါ်လာလေ။ ဒါပေမဲ့ မလိုအပ်ဘူးလို့ ထင်တယ်"။ ဘီလယ်လ်က စိတ်ပျက်တဲ့ဟန်နဲ့ပြောတယ်။

"မင်း သူ့ကို မလိုပါဘူး။ မိန်းကလေးတွေဆယ်ဂဏန်းလောက် အပတ်တိုင်း ဒီလိုပဲ သူတို့ဟာသူတို့ လာနေကြတာ။ မင်းဟာ ကိုယ်ထင် သလောက်လည်း သတ္တိမကောင်းပါလား မယ်လိုဒီ"

အသက်နှစ်ဆယ်အရွယ်လေးတွေဆိုတာဟာ သူတို့ သတ္တိရှိကြောင်း၊ ဆုံးဖြတ်ချက် နိုင်မာကြောင်း သိပ်ပြချင်ကြတာ။ မယ်လိုဒီကလည်း အဲဒီလိုပဲ တုံ့ပြန်တယ်။

"ကျွန်မ သတ္တိရှိတယ်လို့ ရှင်က မထင်ဘူးပေါ့။ ဒါဆိုရင် ရှင် ကျွန်မ အကြောင်း ကောင်းကောင်းမသိဘူးပဲ။ တကယ်လို့ ကျွန်မသာ ဂျိဟတ်လုပ်ဖို့


mgyoe.com